သဖြင့်။ ဓမ္မက္ခန္ဓာ-ဓမ္မစေတီ ပူဇော်ခြင်း အထမြောက်သည် ဖြစ်ပါကြောင်း။ ။

ဤကုသိုလ်အလှူကို-ဝမ်းမြောက်ဝမ်းသာ-သာဓု
အနုမောဒနာ ပြုကြပါစေသောဝ်။

အထူးအားဖြင့်— အပြီးတိုင် မရောက်နိုင်သော-အကျွန်ုပ်တို့၏ဓမ္မဒါနကုသိုလ်-ဓမ္မစေတီတော်ကြီးကို။ ကူညီသောအားဖြင့်။ ကဗျည်းထိုးနိုင်ပါရှိသောကုသိုလ်ရှင်များသည်။ထီးတော်ကြီးတင်လှူပူဇော်သည့်အလားဖြစ်ပါသောကြောင့်။ ကုသိုလ်ဆက်ကုသိုလ်ဘက်-ကလျာဏ-မိတ်ကောင်း-မိတ်မြတ်-အဖြစ်ဖြင့်မှတ်သားကာ။ ဤကုသိုလ်ရှင်များအား။ ကျေးဇူးအထူးတင်လှပါကြောင်း။

ထိုမှတဖန် ဒါနကထာ-မဂ်လာစကားကို။ တဆင့်မှတဆင့်မှာကြားကမ်းလှမ်းရန် ရှိသေးသည့်ပြင်။ ဤ၍-ဤ၍ လောက်သောကုသိုလ်ရှင်များနှင့်လည်း။ ပိဋကတ်တော် ကျမ်းစာအုပ်ကြီးများမှာ။ ၉-သောင်းကျော်အရေအတွက်ရှိ၍ များလွန်းလှသဖြင့်။ ရည်မှန်းသလောက် ဖြန့်ဝေလှူဒါန်းနိုင်ရန်။ ပြည့်စုံနိုင်မည်မဟုတ်ပါသဖြင့်။ ဤဒါနကထာ နှိုးဆော်စာကို တွေ့ရှိသူ - ရဟန်း-ရှင်လူတို့သည်။ ကိုယ်တိုင်-လှူဒါန်းပါဝင်ခြင်းဖြင့်၎င်း။ မိတ်ကောင်းမိတ်မြတ်များအား တိုက်တွန်း စေ့ဆော်ခြင်း အားဖြင့်၎င်း။ ကြိုကြိုက်ခဲလှစွာ အနည်းငယ်မျှသော ငွေဖြင့်။ ကြီးကျယ် လှသောပိဋကတ်တော်-ဓမ္မဒါနကြီးကို။ အခွင့်သင့်ခိုက် ပါဝင်၍ ကူညီလှူဒါန်းစေလိုပါကြောင်း တောင်းပန်အပ်ပါကြောင်း။

စာသင်စာချသောတဇန-ဂဏဝါစက-သီလဝန္တကလျာဏပညာဝန်-ဂုဏဝန်—ပုဂ္ဂိုလ်မွန်- ပုဂ္ဂိုလ်မြတ် အပေါင်း တို့သည်။ ဝမ်းသာ အားရ - နေ့ညမစဲ— ချပို့-သင်အံ-ဓမ္မက္ခန္ဓာ သုံးသပ်ပွဲ ပရိယတ္တိ သာသနာတော်ကြီး - အချေစိုက်တိုင်း။ ထီးတော်ရှင်ကဗျည်းပါ-ဓမ္မာနုဂ္ဂဟဒါနကုသိုလ်ရှင်တို့မှာ။ သာယာလှစွာသောဆွဲလဲသံညိမ့်အားဖြင့်။ သာသနာတော်ကြီး ပြုစုရသော စေတနာသဒ္ဓါတရားကို။ အဆပ်ဆပ်ပွါးနိုင်ကြပါစေသောဝ်။ ။

ဗြိတိသျှဘားမားရှစ်ရှင်ကုမ္ပဏီလီမိတက်၊
ရန်ကုန်မြို့။

မည်သောမင်းသည် မင်းပြုသည်ရှိသော်။ ဘုရားလောင်းသည်ခြသေ့်ဖြစ်၍၊ဟိမဝန္တာအရပ်တောင်ဂူ၌ နေခြင်းကိုပြု၏။ ထိုဂူ၏အနီး၌တခုသောအိုင်ကိုမှီကုန်၍များစွာကုန်သောဝက်တို့သည်နေကုန်၏။ထိုအိုင်ကိုသာလျှင်မှီကုန်၍၊ရသေ့တို့သည်လည်းသစ်ရွက်ဖြင့်မိုးသောသင်္ခမ်း၌နေခြင်းကိုပြုကြကုန်၏။ထိုအခါ၊တနေ့သ၌ခြသေ့်သည်ကျွဲ၊ဆင်အစရှိသည်တို့တွင်တခုခုကိုသတ်၍။အလိုရှိတိုင်းအသားကိုစားပြီးလျှင်ထိုအိုင်သို့သက်၍။ ရေကိုသောက်၍တက်၏။ ထိုခဏ၌၊ ဆျပ်ပေါ်သောဝက်တခုသည်ထိုအိုင်ကိုမှီ၍။ အစာကိုယူ၏။ ခြသေ့်သည်ထိုဝက်ကိုမြင်လျှင်။ယနေ့မှတပါးသောတနေ့သ၌၊ဤဝက်ကိုစားအံ့။စင်စစ်သော်ကားငါ့ကိုမြင်၍။ဤဝက်သည်တဘန်မလာရာဟုကြံ၍။ထိုဝက်၏မလာအံ့သည်မှစိုးသောကြောင့်ရေအိုင်မှသက်၍။ နံပါးတဘက်ဖြင့်သွားအံ့သော၌အားထုတ်၏။ ဝက်သည်ကြည့်မြော်၍။ ဤခြသေ့်သည် ငါ့ကိုမြင်၍။ ငါမှကြောက်သောကြောင့်အနီးသို့သွားအံ့သော၌မဝံ့ရကား ပြေး၏။ ယနေ့ငါသည်ဤခြသေ့်နှင့်တကွ စစ်ထိုးအံ့သော၌သင့်၏ဟု ဦးခေါင်းကိုမော်၍။စစ်ထိုးအံ့သော၌ခေါ်လိုရကား။

စတုပ္ပဒေါအဟံသမ္မ၊တွံပိသမ္မစတုပ္ပဒေါ။

ဧဟိသမ္မနိဝတ္တဿု၊ကိန္နု၊ဘီတောပလာယသိ။

ဟူသောရှေးဦးစွာသောဤဂါထာကိုဆို၏။ ။

သမ္မ၊အချင်းခြသေ့်။အဟံ၊ငါသည်။ စတုပ္ပဒေါ၊အခြေလေးချောင်းရှိသောသားတည်း။ သမ္မ၊အချင်းခြသေ့်။တွံပိ သင်သည်လည်း။ စတုပ္ပဒေါ၊အခြေလေးချောင်းရှိသောသားတည်း။ သမ္မ၊ အချင်းခြသေ့်။ တွံ၊ သင်သည်။ ဘီတော၊ငါမှကြောက်၍။ ပလာယသိကိန္နု၊ပြေးသလော။ နိဝတ္တဿု၊ပြန်ခဲ့ဦးလော့။ဧဟိ၊လာဦးလော့။

ခြသေ့်သည်ထိုဝက်၏စကားကိုကြား၍။ အချင်းဝက်၊ ယနေ့ငါတို့အားသင်နှင့်တကွ စစ်ထိုးခြင်းသည်မရှိသေး။ ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌၊ဤအရပ်၌သာလျှင်။ စစ်ထိုးခြင်းသည်ဖြစ်စေဟုဆို၍ ဖဲ၏။ဝက်သည်ခြသေ့်နှင့်တကွ စစ်ထိုးရပေအံ့ဟု ရွှင်ရွှင်လန်းလန်း ထိုအကြောင်းကို အဆွေအမျိုးတို့အားကြား၏၊ ဆွေမျိုးတို့သည် ထိုဝက်၏စကားကိုကြားကုန်၍။အလွန်ကြောက်ကုန်ရကား။ ယခုအခါဤဝက်သည်အလုံးစုံဖြစ်ကုန်သော ငါတို့ကိုဖျက်ဆီးဘိ၏။ မိမိ၏အစွမ်း

ထိုနဂါးကို ဈေျာ်တေသက်န်းကြားသို့ဝင်သည်ကိုမြင်၍။ ဈေျာ်တေသက်န်းအား ရိုသေလေးမြတ်သည်၏ အဖြစ်ကြောင့်မယူမူ၍။ ဘုရားလောင်းကိုခေါ်ပြီးလျှင်။အရှင်ဘုရား၊အကျွန်ုပ်သည်ဆာမွတ်၏၊ အရှင်ဘုရားတို့၏ သက်န်းတော်ကို ယူကုန်လော့။ ဤနဂါးကိုစားအံ့။ ဤသို့သောအနက်ကိုပြဆိုသော၅၊။

> ဋ္ဌရူရဂါနံပဝရောပဝိဋ္ဌော။
> သေလဿဝဏ္ဏေန ပမောက္ခမိစ္ဆံ။
> ဗြဟ္မဉ္စဝဏ္ဏံအပစာယမာနော။
> ဗုဘုက္ခိတောနေဝပိဟာရေမိဘတ္တုံ။ ။

ဟူသောရှေးဦးစွာသောဤဂါထာကိုဆို၏။ ။

ဘောပဗ္ဗဇိတ အိုရှင်ရဟန်း။ဥရဂါနံ၊နဂါးတို့၏၊ ပဝရော၊အထွတ်အမြတ်ဖြစ်သောနဂါးမင်းသည်။ ပမောက္ခံ၊ ငါမှလွတ်ခြင်းကို။ ဣစ္ဆံ၊ အလိုရှိသည်ဖြစ်၍။ သေလဿ၊ပဏ္ဍုမြားတုံး၏။ ဝဏ္ဏေန၊ အသွင်ဖြင့်။ ဣဓ၊ဤအရှင်ဘုရား၏သက်န်းတော်သို့။ပဝိဋ္ဌော၊ဝင်၏။ အဟံ၊အကျွန်ုပ်သည်။တုမှာကံ၊အရှင်ဘုရားတို့၏။ ဗြဟ္မဉ္စ၊မြတ်သည်ဖြစ်သော။ ဝဏ္ဏံ၊အဆင်းတော်ကို။အပစာယမာနော၊ပူဇော်သည်ဖြစ်၍။ ဘတ္တုံ၊စားအပ်သောနဂါးကို။ဗုဘုက္ခိတော၊စားလိုလျက်။နေဝပိဟာရာမိ၊မစားဝံ့။

ဤသို့ဆိုသည်ရှိသော်၊ ဘုရားလောင်းသည် ေရစ္ဆတည်လျက်သာလျှင်။ဂဠုန်မင်းအားချီးမွမ်းခြင်းကိုပြုလိုရကား။

> သောဗြဟ္မဂုတ္တောစိရမေဝဇီဝ။
> ဒိဗျာစတေပါတုဘဝန္တုဘက္ခာ။
> သောဗြဟ္မဝဏ္ဏံအပစာယမာနော။
> ဗုဘုက္ခိတောနေဝပိဟာရာသိဘတ္တုံ။ ။

ဟူသောနှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သောဤဂါထာကိုဆို၏။ ။

သုဗဏ္ဏရာဇ၊ဂဠုန်ငှက်မင်း။ သောတွံ၊ ထိုသင်သည်။ ဗြဟ္မဝဏ္ဏံ၊ မြတ်သောအသွင်ကို။ အပစာယမာနော၊ ပူဇော်ခြင်းကြောင့်။ ဘတ္တုံ၊ စားအပ်သောနဂါးကို။ ဗုဘုက္ခိတော၊စားလိုလျက်လည်း။ နေဝပိဟာရာသိ၊မစားလေ။ သောတွံ၊ထိုသင်သည်။ ဗြဟ္မဂုတ္တော၊ ဗြဟ္မာမင်းစောင့်ရှောက်အပ်သည်ဖြစ်၍။စိရမေဝ၊အခါလေးမြင့်သာလျှင်။ဇီဝ၊အသက်

ကုပ်၍သာလျှင်မင်္ဂလာဆင်ဖြူ၏ နှလုံးသည်ကွဲလေရာ၏။ ထို့ကြောင့်။ မင်္ဂလာဆင်ဖြူကို မင်းသေလွန်သည်၏ အဖြစ်ကိုမသိစေကုန်မူ၍သာလျှင်လုပ်ကျွေးကြကုန်၏။ မင်းသေလွန်သည်၏ အဖြစ်ကိုကားကြား၍။ ဗာရာဏသီပြည်သည်အချည်းနှီးဖြစ်သတတ်ဟု အခြားမဲ့ဖြစ်သောမြို့အနီး၌ နေသော ကောသလမင်းသည်။ များစွာသောစစ်သည် ဗိုလ်ပါဖြင့်လာလတ်၍။ ဗာရာဏသီမြို့ကိုဝန်းရံ၏။ မြို့တံခါးတို့ကိုပိတ်ကုန်၍။ ကောသလမင်းအားသတင်းစကားကို စေကုန်၏။ အဘယ်သို့စေကုန်သနည်းဟူမူကား။ငါတို့မင်း၏မိဘုရားမြတ်သည်ပြည့်သော ကိုယ်ဝန်ရှိ၏။ဤနေ့မှခုနစ်ရက်မြောက်သောနေ့၌၊သားတော် ဘွားမြင်လတ္တံ့ဟုလက် ခြေအစရှိသော ကိုယ်အစိတ်ကို ကြည့်၍။ ဤသူအားဤသို့ဖြစ်လတ္တံ့စသည်ဖြင့်အကျိုးအပြစ်ကို ဟောစွမ်းနိုင်ကုန်သော ပုဏ္ဏားတို့သည်ဆိုကုန်၏။ ထိုမိဘုရားမြတ်သည် အကယ်၍ သားဘွားမြင်သည်ဖြစ်အံ့။ ခုနစ်ရက်မြောက်သောနေ့၌၊ ငါတို့စစ်ထိုးကြကုန်အံ့။ ပြည်ကိုငါတို့မပေးကုန်အံ့။ ဤမျှလောက်သော ကာလပတ်လုံးငံ့လင့်ကုန်ဦးဟုစေကုန်၏။ ကောသလမင်းသည်ကောင်းပြီဟုဝန်ခံ၏။ မိဘုရားသည်ခုနစ်ရက်မြောက်သောနေ့၌၊သားဘွားမြင်၏။ထိုမင်းသား၏အမည်မှည့်သောနေ့၌ကား။ အကြင်မင်းသားသည် လူများ၏တွန့်တိုဆုတ်နစ်ခြင်းကင်း၍။ရဲတင်းသောစိတ်ကိုယူလျက်ဘွား၏။ထို့ကြောင့်။ ထိုမင်းသားအား အလီနစိတ္တမင်းသားဟူသောအမည်ကိုသာလျှင်မှည့်ကုန်၏။ ထိုဘုရားလောင်း၏ ဘွားသော နေ့မှစ၍သာလျှင်။ ဗာရာဏသီ မြို့သူတို့သည်ကောသလမင်းနှင့် တကွစစ်ထိုးကြကုန်၏။ စစ်သည်အပေါင်း၏အကြီးအမှူးမရှိသည်၏အဖြစ်ကြောင့်ဗိုလ်ပါသည်များပါလျက်လည်း ထိုးကြသည်ရှိသော်။စဉ်းငယ်စဉ်းငယ်ဆုတ်နစ်၏။အမတ်တို့သည်မိဘုရားအား ထိုအကြောင်းကို ကြားကုန်၍။ ဤသို့ဗိုလ်ပါသည်ဆုတ်နစ်သည်ရှိသော်။ ရှုံးအံ့သည်မှ အကျွန်ုပ်တို့ ကြောက်ကုန်၏။ ငါတို့မင်းကား စုတေသည်၏ အဖြစ်ကိုငင်း။ သားဘွားသည်၏ အဖြစ်ကိုငင်း၊ ကောသလမင်းလာလတ်၍ စစ်ထိုးသည်၏ အဖြစ်ကိုငင်း။ မင်းမြတ်၏ အဆွေတော်ဖြစ်သောမင်္ဂလာဆင်တော်သည် မသိသေး။ ထိုမင်္ဂလာဆင်တော်ကိုသိစေကုန်အံ့ဟုပန်ကြားကုန်၏။ထိုမိဘုရားသည်ကောင်း

ဤသို့ဆို၍ဘုရားလောင်းသည် ဟိမဝန္တာ၏အတွင်းသို့ဝင်၍ရသေ့ရဟန်းပြုပြီးလျှင်၊ အဘိညာဉ်တို့ကိုရင်း၊ သမာပတ် ၈ပါးတို့ကိုရင်း ဖြစ်စေ၍၊ အသက်၏အဆုံး၌ ဗြဟ္မာ့ပြည်သို့လား၏။ သမ္ဗုဒ္ဓမြတ်စွာဘုရားသည်ဤဓမ္မဒေသနာကိုဆောင်တော်မူ၍၊ ရဟန်းတို့၊ ယခုအခါ၊ ငါဘုရားသည်၊ ထိုအခါ၊ ရသေ့ဖြစ်ဘူးပြီ၊ ဤသို့ဇာတ်ကိုပေါင်းတော်မူ၏။ ။နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သောသန္ထဝဇာတ်သည်ပြီး၏။

---

## ၃။ သုသိမဇာတ်။

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္ဗုဒ္ဓ မြတ်စွာဘုရားသည်၊ ကာဠာမိဂါသေတဒန္တာတဝိမေ၊ အစရှိသောဂါထာ ပုဒ်ဖြင့် တန်းဆာ ဆင်အပ်သော ဤသုသိမ ဇာတ်ကို ဇေတဝန် ကျောင်းတော်၌၊ သီတင်းသုံးနေတော်မူစဉ်၊ အလိုဆန္ဒညီညွတ်ကြ၍လှူခြင်းကိုအကြောင်းပြု၍ဟောတော်မူ၏။ ထိုစကားကိုချဲဦးအံ့၊ သာဝတ္ထိမြို့၌ ရံခါတဦးသောအမျိုးသည်သာလျှင် ဘုရားအမှူးရှိသော ရဟန်းသံဃာအားအလှူကိုလှူ၏။ ရံခါသာသနာတော်မှတပါးသော အယူရှိကုန်သော သူတို့အားလှူ၏။ ရံခါဂိုဏ်းဖွဲ့သော အားဖြင့် များစွာကုန်သောသူတို့သည်တပေါင်းတည်းဖြစ်ကုန်၍လှူကုန်၏၊ ရံခါလမ်းအစဉ်အားဖြင့်လှူကုန်၏၊ ရံခါမြို့အလုံး၌နေကုန်သောသူတို့သည်အလိုဆန္ဒညီညွတ်ကုန်၍ လှူကုန်၏၊ ဤအခါ၌ကား မြို့အလုံး၌ နေကုန်သော သူတို့သည်အလိုဆန္ဒညီညွတ်ကြကုန်၍၊ အလုံးစုံသောပရိက္ခရာအလှူဝတ္ထုကိုစီရင်ကုန်၍၊ နှစ်ခုတို့သည်ဖြစ်ကုန်၏။ အချို့ကုန်သောသူတို့သည်ဤအလုံးစုံသောအလှူဝတ္ထုကိုသာသနာတော်မှတပါးသောအယူရှိကုန်သောအရှင်တို့အားလှူကုန်အံ့ဟုဆိုကုန်၏။ အချို့ကုန်သောသူတို့သည်ဘုရားအမှူးရှိသောရဟန်း သံဃာတော်တို့အား လှူကုန်အံ့ဟုဆိုကုန်၏။ ဤသို့စကားသည်အဘန်တလဲလဲဖြစ်လတ်သည်ရှိသော်၊ သာသနာတော်မှတပါးသောအယူရှိကုန်သောသူတို့၏ တပည့်တို့သည်သာသနာတော်မှတပါးသောအယူရှိကုန်သောအရှင်တို့အားသာလျှင် ငါတို့သည်လှူကုန်အံ့၊ ဘုရားတပည့်တို့သည်လည်း ဘုရားအမှူး ရှိသောရဟန်းသံဃာတော်အားသာလျှင်ငါတို့သည် လှူကုန်အံ့။ ဤသို့ဆိုအပ်၏။ ထိုနှစ်ပါးကုန်သောစကားတို့တွင်အကြင်စကားကိုများစွာဆိုကြကုန်

တော်၌။ကာဠွာ၊မည်းညိုကုန်ထသော။မိဂါ၊သားမျိုးဖြစ်ကုန်ထသော။ သေတဒန္တာ၊ ဖြူစွာသောအစွယ်ရှိကုန်ထသော။ ပရောသတံ၊ တရာထက်လွန်ကုန်ထသော။ဟေမဇာလာဘိဆန္နာ။ ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းအပ်ကုန်ထသော။ဣမေ၊ဤဆင်တော်တို့သည်။ သန္တိ၊ရှိကုန်၏။သုသိမ၊မင်းမြတ်သုသိမ။ တွံ အရှင်မင်းမြတ်သည်။ အမှာကဉ္စ၊ အကျွန်ုပ်တို့၏ရင်း။အတ္တနောစ၊ကိုယ်တော်၏ရင်း။ဝံသေ၊အနွယ်၌။ပေတ္တိပိတာမဟာနံ၊ အဘအဘိုးတို့၏။ အာစိဏ္ဏံ၊ အလေ့ အကျင့်ကို။ အနုဿရံ၊ အောက်မေ့တော်မူနိုင်လျက်။အမှာကဉ္စ၊အကျွန်ုပ်တို့၏ရင်း။ အတ္တနော စ၊ကိုယ်တော်၏ရင်း။ ဝံသံ၊အနွယ်ကို။ နာသေတွာ၊ဖျက်၍။ တေတေ တေဇေတော၊ ထိုဆင်တော်တို့ကို။ မင်္ဂလကရဏတ္ထာယ မင်္ဂလာပြုစိမ့်သော၄ါ။မယာ၊အကျွန်ုပ်မှ။ အညေသံ တပါးကုန်သော။ဗြာဟ္မဏာနံ၊ပုဏ္ဏားတို့အား။ဒဒါမီတိ၊ပေးအံ့ဟူ၍။ဗြူသိကိရ၊ ဆိုတော်မူသည်ဟုကြားရသည့်ကား။ သစ္စံ၊ မှန်သလော။ ။သုသိမမင်းသည် ဘုရားလောင်း၏စကားကိုကြား၍။

ကာဠွာမိဂါသေတဒန္တာမမိမေ။
ပရောသတံဟေမဇာလာဘိဆန္နာ။
တေတေဒဒါမီတိဝဒါမိမာဏဝ။
အနုဿရံပေတ္တိပိတာမဟာနံ။ ။

ဟူသောနှစ်ချတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကိုဆို၏။ ။

မာဏဝ၊လုလင်။မမ၊ငါ၏။သန္တိကေ၊အထံ၌။ကာဠွာ၊မည်းညိုသော အဆင်းရှိကုန်ထသော။မိဂါ၊သားမျိုးဖြစ်ကုန်ထသော။ သေတဒန္တာ၊ ဖြူသော အစွယ်ရှိကုန်ထသော။ ပရောသတံ၊ တရာထက်လွန်ကုန်ထသော။ဟေမဇာလာဘိဆန္နာ၊ ရွှေကွန်ရက်ဖြင့်ကောင်းစွာဖုံးလွှမ်းအပ်ကုန်သော။ဣမေ၊ဤဆင်တို့သည်။သန္တိ၊ရှိကုန်၏၊အဟံ၊ငါသည်။ပေတ္တိပိတာမဟာနံ၊အဘအဘိုးတို့၏။ကြိယံ၊အမှုကို။အနုဿရံ၊ အောက်မေ့လျက်။တေတေတေဇေတော၊ထိုဆင်တို့ကို။တယာ၊သင်မှ။အညေသံ၊တပါးကုန်သော။ဗြာဟ္မဏာနံ၊ပုဏ္ဏားတို့အား။ မင်္ဂလကရဏတ္ထာယ၊ မင်္ဂလာပြုစိမ့်သော၄ါ။ ဒဒါမီတိ၊ပေးအံ့ဟူ၍။ ဝဒါမိ၊ဆိုသည်ကား။ သစ္စမေဝ၊မှန်သလျှင်ကတည်း။

ထိုအခါ၊ထိုသုသိမမင်းကိုဘုရားလောင်းသည်။မြတ်သောမင်းကြီး၊

အံ့သောငါမတတ်နိုင်သည်ဖြစ်၍။ ဤသို့သောပျက်စီးခြင်းသို့ရောက်ရ၏ဟုဆို၍ငိုကြွေးလိုရကား။

ဇနိတ္တံမေဘဝိတ္တံမေ၊ ဣတိပင်္ကေအဝဿယိံ။
တံမံပင်္ကောအဇ္ဈဘဝိ၊ ယထာဒုဗ္ဗလကံတထာ။ ။
တံတံဝဒါမိဘဂ္ဂဝ၊ သုဏောဟိဝစနံမမ။
ဂါမေဝါယဒိဝါရညေ၊ သုခံယတြာဓိဂစ္ဆတိ။ ။
တံဇနိတ္တံဘဝိတ္တဉ္စ၊ ပုရိသဿပဇာနတော။
ယမှိဇီဝေတမှိဂစ္ဆေ၊ နနိကေတဟတောသိယာ။ ။

ဟူသောဂါထာတို့ကိုဆို၏။

ဘဂ္ဂဝ၊ ဘဂ္ဂဝ။ ဣဒံဌာနံ၊ ဤအရပ်သည်။ မေ၊ ငါ၏။ ဇနိတ္တံ၊ ဘွားရာအရပ်တည်း။ ဣဒံဌာနံ၊ ဤအရပ်သည်။ မေ၊ ငါ၏။ ဘဝိတ္တံ၊ ဖြစ်ရာအရပ်တည်း။ ဣတိဣမိနာကာရဏေန၊ ဤသို့သောအကြောင်းကြောင့်။ ပင်္ကေ၊ ညွန်၌။ အဟံ၊ ငါသည်။ အဝဿယိံ၊ နေမိ၏၊ တံမံ၊ ထိုငါ့ကို။ ပင်္ကော၊ ညွန်သည်။ ဒုဗ္ဗလကံ၊ အားနည်းသောသူကို။ အဇ္ဈဘဝတိယထာ၊ အားရှိသောသူသည်နှိပ်စက်သကဲ့သို့။ တထာ၊ ထို့အတူ။ အဇ္ဈဘဝိ၊ နှိပ်စက်၏။ ဘဂ္ဂဝ၊ ဘဂ္ဂဝ။ အဟံ၊ ငါသည်။ ယံယံဝစနံ၊ အကြင်အကြင်စကားကို။ ဝဒါမိ၊ ဆို၏။ မမ၊ ငါ၏။ တံတံဝစနံ၊ ထိုထိုစကားကို။ တွံ၊ သင်သည်။ သုဏောဟိ၊ နာလော့။ ဂါမေဝါ၊ ရွာ၌၎င်း။ ယဒိ၊ ထိုမြို့။ အရညေဝါ၊ တော၌၎င်း။ ယတြ၊ အကြင်အရပ်၌။ သုခံ၊ ကိုယ်စိတ်နှစ်ပါး၌ဖြစ်သော ချမ်းသာခြင်းကို။ အဓိဂစ္ဆတိ၊ ရ၏။ တံဌာနံ၊ ထိုအရပ်သည်။ ပဇာနတော၊ အကျိုးရှိသည်မရှိသည်အကြောင်းဟုတ်သည်မဟုတ်သည်ကိုသိသော။ ပုရိသဿ၊ ယောကျ်ား၏။ ဇနိတ္တဉ္စ၊ ဘွားရာအရပ်သည်၎င်း။ ဘဝိတ္တဉ္စ၊ ကြီးမြင့်ရာအရပ်သည်၎င်း။ ဟောတိ၊ ဖြစ်၏။ ပဏ္ဍိတော၊ ပညာရှိသည်။ ယမှိ၊ အကြင်အရပ်၌။ ဇီဝေ၊ အသက်ရှင်ရာ၏။ တမှိ၊ ထိုအရပ်သို့။ ဂစ္ဆေ၊ သွားရာ၏။ ဧဝံ၊ ဤသို့။ ဂန္တွာ၊ သွားသည်ရှိသော်။ နိကေတဟတော၊ နေရာအရပ်သတ်အပ်သည်။ နသိယာ၊ မဖြစ်ရာ။

ဤသို့ထိုလိပ်သည် ဘုရားလောင်းနှင့် တကွ စကားပြောဆိုလျက်သေလေ၏။ ဘုရားလောင်းသည်ထိုလိပ်ကိုယူ၍ အလုံးစုံသောရွာ၌နေကုန်သောသူတို့ကိုစည်းဝေးစေပြီးလျှင်။ ထိုလူတို့ကိုဆုံးမလို၍ဤသို့ဆို၏။ အချင်းတို့၊ ဤလိပ်ကိုသင်တို့သည်ရှုကြကုန်လော့။ ဤလိပ်သည်တ

ကျက်အပ်သော်လည်း ဗေဒင်တို့သည်မထင်ကုန်။ စိတ်သည် မနောက်ကျုသည်ရှိသော်ကား၊မထင်သောမည်သည်မရှိ။ ဤသို့ဆိုလိုရကား။

ယထောဒကေအာဝိလေအပ္ပသန္နေ။
နပဿတိသိပ္ပိကသမ္ဗုကဉ္စ။
သက္ခရံဝါလုကံမစ္ဆဂုမ္ဗံ။
ဧဝံအာဝိလမှိစိတ္တေနသောပဿတိအတ္တဒတ္ထံပရတ္ထံ။ ။
ယထောဒကေအစ္ဆေဝိပ္ပသန္နေ။
သောပဿတိသိပ္ပိကသမ္ဗုကဉ္စ။
သက္ခရံဝါလုကံမစ္ဆဂုမ္ဗံ။
ဧဝံအနာဝိလမှိစိတ္တေသောပဿတိအတ္တဒတ္ထံပရတ္ထံ။ ။

ဟူသောဤဂါထာတို့ကိုရွတ်၏။

တာတ၊ချစ်သား။ဥဒကေ၊ရေသည်။ အာဝိလေ၊နောက်ကျုသည်ရှိသော်။အပ္ပသန္နေ၊မကြည်လင်သည့်ရှိသော်။သိပ္ပိကသမ္ဗုကဉ္စ၊ယောက်သွားခရုကိုရင်း။ သက္ခရဉ္စ၊ ကျောက်စစ်ကိုရင်း။ ဝါလုကဉ္စ၊သဲကိုရင်း။ မစ္ဆဂုမ္ဗဉ္စ၊ငါးအပေါင်းကိုရင်း။ နပဿတိယထာ၊မမြင်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။စိတ္တေ၊စိတ်သည်။ အာဝိလမှိ၊နောက်ကျုသည်ရှိသော်။ အတ္တဒတ္ထံ။ မိမိအကျိုးစီးပွါးကိုရင်း။ ပရတ္ထံ၊သူတပါးအကျိုးစီးပွါးကိုရင်း။သောပုရိသော၊ထိုယောကျ်ားသည်။နပဿတိ၊မမြင်။ ။တာတ၊ချစ်သား။ဥဒကေ၊ရေသည်။ အစ္ဆေ၊ကြည်သည့်ရှိသော်။ ဝိပ္ပသန္နေ၊အထူးသဖြင့်ကြည်သည်ရှိသော်။ သောပုရိသော၊ထိုယောက်သွားအစရှိသည်ကိုရှုသောယောကျ်ားသည်။ သိပ္ပိကသမ္ဗုကဉ္စ၊ ယောက်သွားခရုကိုရင်း။သက္ခရဉ္စ၊ကျောက်စစ်ကိုရင်း။ဝါလုကဉ္စ၊ကိုရင်း။ မစ္ဆဂုမ္ဗဉ္စ၊ငါးအပေါင်းကိုရင်း။ ပဿတိယထာ၊မြင်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။စိတ္တေ၊စိတ်သည်။ အနာဝိလမှိ၊ မနောက်ကျုသည်ရှိသော်။ သောပုရိသော၊ထိုအကျိုးစီးပွါးကိုရှုသောယောကျ်ားသည်။အတ္တဒတ္ထဉ္စ၊မိမိအကျိုးစီးပွါးကိုရင်း။ ပရတ္ထဉ္စ၊သူတပါး၏အကျိုးစီးပွါးကိုရင်း။ ပဿတိ၊မြင်၏။

သဗ္ဗညုမြတ်စွာဘုရားသည် ဤအတိတ်ကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကိုပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏။ သစ္စာကိုပြတော်မူ

မာတင့်နဒီရာဇပုတ္တ၊အပ္ပသဒ္ဒေါဝနေဝသ။
သရေနမာတံဇာနေယျ၊နဟိတေပေတ္တိကောသရော။ ။
ဟူသောနှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော၍ဂါထာကိုဆို၏။
ရာဇပုတ္တ၊ကေသရာဇာခြင်္သေ့မင်း၏သား။ တွံ၊သင်သည်။ မာနဒီ၊မ
မြည်လင့်။အပ္ပသဒ္ဒေါ၊ အသံမရှိသည်ဖြစ်၍။ ဝနေ၊ တော၌။ ဝသ၊နေ
လော့။သရေန၊အသံအားဖြင့်။တံ၊သင့်ကို။မာဇာနေယျ၊ ခွေးဟူ၍မသိ
စေကုန်လင့်။ဟိသစ္စံ၊မှန်၏။တေ၊သင်၏။ သရော၊အသံသည်။ နပေတ္တိ
ကော၊အဘဖြစ်သောခြင်္သေ့မင်း၏အသံနှင့်မတူ။
အဘဖြစ်သောခြင်္သေ့မင်း၏၍သို့သောအဆုံးအမကိုကြား၍တဘန်
မြည်အံ့သောငြါမဝံ့လေ။
သဗ္ဗညုမြတ်စွာဘုရားသည်၍ဓမ္မဒေသနာကိုဆောင်တော်မူ၍။ရ
ဟန်းတို့၊ယခုအခါ၌ကောကာလိကသည်။ထိုအခါ၊ မြေခွေးဖြစ်ဘူးပြီ။
ယခုအခါ၊ ရာဟုလာသည်။ထိုအခါ၊ ခြင်္သေ့မင်း၏သားဖြစ်ဘူးပြီ။ ထိုမှ
တပါးယခုအခါ၊ ငါဘုရားသည်သာလျှင်။ ထိုအခါ၊ခြင်္သေ့မင်းဖြစ်ဘူး
ပြီ။ ၍သို့ဇာတ်ကိုပေါင်းတော်မူ၏။ ။ရှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်
သောသီဟကောတ္ထုဇာတ်သည်ပြီး၏။

---

၉။ သီဟစမ္မဇာတ်။

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု
မြတ်စွာဘုရားသည်။နေတံသီဟဿနဒီတံ၊ အစရှိသောဂါထာပုဒ်ဖြင့်
တန်းဆာဆင်အပ်သော၍သီဟစမ္မဇာတ်ကိုဇေတဝန်ကျောင်းတော်၌
နေတော်မူစဉ်၊ ကောကာလိကကိုပင်လျှင်အကြောင်းပြု၍ဟောတော်
မူ၏။ ထိုကောကာလိကသည် ၍ကာလ၌အသံဖြင့်ဟောအပ်သောတ
ရားကို ဟောလို သည်ဖြစ်၍။ မြတ်စွာ ဘုရားသည် ထိုအကြောင်းကို
ကြားတော်မူ၍။အတိတ်ကိုဆောင်တော်မူ၏။
ရဟန်းတို့၊ လွန်လေပြီးသောအခါ။ဗာရာဏသီပြည်၌၊ ဗြဟ္မဒတ်
မင်းသည်မင်းပြုလတ်သော်။ ဘုရားလောင်းသည်လယ်လုပ်မျိုး၌ဖြစ်၍
အရွယ်သို့ရောက်သည် ရှိသော်လယ်လုပ်သော အမှုဖြင့် အသက်မွေး
ခြင်းကိုပြု၏။ ထိုကာလ၌တယောက်သောကုန်သည်သည် မြည်း၌ဝန်

ဘော၊အချင်းတို့။သဒ္ဓါယစ၊လောကီလောကုတ္တရာဖြစ်သော သဒ္ဓါ၏ရင်း။ သီလသဿစ၊ လောကီလောကုတ္တရာ ဖြစ်သောသီလ၏ရင်း။စာဂဿစ၊ပေးကမ်းစွန့်ကြဲအပ်သောဝတ္ထုကို ပေးကမ်းစွန့်ကြဲခြင်း၊ ကိလေသာကိုစွန့်ခြင်း၏ရင်း။အယံဖလံ၊ဤဒုဇ်ဖလံ၊ဤအကျိုးကို။ပဿပဿထ၊ရှုကုန်လော့၊တနည်းကား။သဒ္ဓါယစ၊ လောကီလောကုတ္တရာသဒ္ဓါ၏ရင်း။သီလဿစ၊လောကီလောကုတ္တရာသီလ၏ရင်း။ စာဂဿစ၊ပေးကမ်းစွန့်ကြဲအပ်သောဝတ္ထုကိုပေးကမ်းစွန့်ကြဲခြင်း၊ကိလေသာကိုစွန့်ခြင်း၏ရင်း။ဖလံ၊အကျိုးကို။ ပဿပဿထ၊ရှုကုန်လော့။ အယံနာဂေါ၊ ဤနဂါးသည်။နာဝါယ၊သင်္ဘော၏။ဝဏ္ဏေန၊အဆင်းသဏ္ဍာန်ဖြင့်။သဒ္ဓံ၊ရတနာသုံးပါးတို့၌သဒ္ဓါခြင်းနှင့်ပြည့်စုံသော။ဥပါသကံ၊ ဒါယကာကို။ ဝဟတိ၊ကြဉ်းဆောင်၏။ ပေါသော၊ ယောကျ်ားသည်။ သဗ္ဗိယောဝ၊ ပညာရှိတို့နှင့်သာလျှင်။သမာသေထ၊ပေါင်းဘော်ရာ၏။ သဗ္ဘိ၊ပညာရှိတို့နှင့်။သန္ထဝံ၊ ပေါင်းဘော်ခြင်းကို၊ကုဗ္ဗေထ၊ ပြုရာ၏။ ဟိယသ္မာ၊ထိုစကားသည်သင့်၏။သတံ၊ပညာရှိတို့နှင့်။သန္နိဝါသေန၊ပေါင်းဘော်ခြင်းကြောင့်။နှာပိတော၊ဆတ္တာသည်သည်။ သောတ္ထိံ၊ ချမ်းသာခြင်းသို့။ဂစ္ဆတိ၊ရောက်၏။

ဤသို့သမုဒ္ဒရာစောင့်နတ်သားသည်ကောင်းကင်၌ရပ်လျက်တရားဟော၍ဆတ္တာသည်ကိုဆုံးမပြီးလျှင်နဂါးမင်းကိုယူ၍မိမိ၏ဗိမာန်သို့သာလျှင်သွား၏။

သဗ္ဗညုမြတ်စွာ ဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍၊ ဇာတ်ကိုပေါင်းတော်မူ၏။ သစ္စာကိုပြတော်မူသည်၏အဆုံး၌ ဒါယကာသည် သကဒါဂါမိဖိုလ်၌ တည်၏။ ဇာတ်ကိုအဘယ်သို့ပေါင်းတော်မူသနည်းဟူမူကား။ဒါယကာ၊ ထိုအခါ၊သောတာပန်ဖြစ်သောဒါယကာသည်ပရိနိဗ္ဗာန်ပြုလေပြီ၊ယခုအခါ၌၊သာရိပုတ္တရာသည်။ထိုအခါ၊နဂါးမင်းဖြစ်ဘူးပြီ။ ယခုအခါ၊ငါဘုရားသည်လျှင်။ ထိုအခါ၊ သမုဒ္ဒရာ စောင့်နတ်သား ဖြစ်ဘူးလေပြီ။ ဤသို့ဇာတ်ကိုပေါင်းတော်မူ၏။ ။ဆယ်ခုတို့၏ပြည့်ကြောင်းဖြစ်သောသီလာနိသံသဇာတ်သည်ပြီး၏။

ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော ဆင်ဖြူများရှင်တရားမင်းမြတ်၏ သားတော်အကြီးမဟာဥပရာဇာသည်၊အလွန်တရားခဲယဉ်းစွာ

ကား။ပဏ္ဍာ၊ သတ်အပ်သောအပြစ်ရှိကုန်၏။ ဇာတ္တိသုံ၊မိန်းမတို့၌။ သစ္စံ၊ သစ္စာသည်။နတ္ထိ၊မရှိ။လုဒ္ဒါ၊ရုန့်ရင်းကြမ်းကြုတ်စွာထသော။ဆဝံ၊သူ့သေကောင်နှင့် တူထသော။ ပရဒါရူပသေဝိ၊ သူ့မယားကို မှီဝဲတတ်ထသော။ဣမာဥ္စဓမ္မံ၊ဤယုတ်မာစွာသောတရားကိုလည်း။မှုသလေနကျည်ပွေ့ဖြင့်။ဟာတ္တွာ၊သိသိညက်ညက်ကြေအောင်ရိုက်၍။ဒဏ္ဍံ၊ဒဏ်ကို။ကရောထ ပြုကြကုန်လော့။ ပါပပတိဗ္ဗတာယ။ ယုတ်မာစွာသောလင်ကိုလုပ်ကျွေးသော။ဣမိဿာစ၊ဤသီလမရှိသောမိန်းမအားလည်း။ဇီဝန္တိယာဝ၊အသက်ရှင်စဉ်လျှင်။ကဏ္ဏနာသံ၊နား၊နှာခေါင်းကို။ဆိန္ဒထ၊ဖြတ်ကြကုန်လော့။

ဘုရားလောင်းသည်အမျက်ကိုသည်းခံအံ့သော၄ါမတတ်နိုင်သည်ဖြစ်၍၊ဤသို့လျှင်ထိုယုတ်မာကုန်သောသူတို့အား။ ဒဏ်ကိုစေ၍လည်းထိုသို့စေတိုင်းမပြုစေ။ စင်စစ်ကားအမျက်ကိုညှို့သည်ကိုပြု၍အကြောင်းအခြင်းဖြင့် ဘုံစေအပ်သည် ရှိသော်။ ထိုယုတ်မာသော မိန်းမသည်တောင်းကိုဦးခေါင်းမှ ချအံ့သော၄ါမတတ်နိုင်။ ထိုအခြင်းဖြင့်မြဲစွာဘုံစေ၍တုံးကိုထိုတောင်း၌ထည့်စေ၍မိမိ၏နိုင်ငံမှနှင်ထုတ်စေ၏။

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင်သစ္စာတို့ကိုပြတော်မူ၍ဇာတ်ကိုပေါင်းတော်မူ၏။ သစ္စာ၏အဆုံး၌ သာသနာတော်၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌တည်၏။ဇာတ်ကိုအဘယ်သို့ပေါင်းတော်မူသနည်းဟူမူကား။ ယခုအခါ၊မထင်ရှားကုန်သောမထေရ်တို့သည်။ထိုအခါ၌၊ ညီတော်ခြောက်ယောက်တို့သည်ဖြစ်ဘူးကုန်ပြီ။ယခုအခါ၊ ဓိဉ္စမာဏဝိကာသည်။ ထိုအခါ၊မယားဖြစ်ဘူးလေပြီ။ယခုအခါ၊ ဒေဝဒတ်သည်။ထိုအခါ၊ တုံးဖြစ်ဘူးပြီ။ ယခုအခါ၊ အာနန္ဒာသည်။ထိုအခါ၊ ဖွတ်မင်းဖြစ်ဘူးလေပြီ။ ယခုအခါ၊ငါဘုရားသည်သာလျှင်။ထိုအခါ၊ရူဠပဒုမမင်းဖြစ်ဘူးလေပြီ။ ဤသို့ဇာတ်ကိုပေါင်းတော်မူ၏။ ။သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော ရူဠပဒုမဇာတ်သည်ပြီး၏။

---

## ၄။ မဏိစောရဇာတ်။

နတ်နှင့်တကွသော လောကကိုဆုံးမတော် မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်။နသန္တိဒေဝါပဝသန္တိနူန၊ အစရှိသောဂါထာပုန်

ဘောဓိသတ္တာ၊အချင်းတို့။ယော၊အကြင်ပုဂ္ဂိုလ်သည်။ယဿ အကြင်ပုဂ္ဂိုလ်၏။အမိတ္တော၊ရန်သူသည်။ ဟောတိ၊ဖြစ်၏။သော၊ထိုရန်သူဖြစ်သောပုဂ္ဂိုလ်သည်။ နံ၊ထိုရန်ဘက်ဖြစ်သောပုဂ္ဂိုလ်ကို။ ဒိသွာ၊ မြင်၍။ နဥဒ္ဒယာတေ၊မပြုံးရွှင်။ အဿ၊ ထိုရန်ဘက်ဖြစ်သောပုဂ္ဂိုလ်၏၊ ဝစနံ၊ စကားကို။သုတွာစ၊ကြား၍လည်း။ နံ၊ထိုရန်ဘက်ဖြစ်သောပုဂ္ဂိုလ်ကို။ နပဋိနန္ဒတိ၊မနှစ်သက်။အဿ၊ထိုရန်ဘက်ဖြစ်သောပုဂ္ဂိုလ်အား။စက္ခုနိစ၊ဆိုင်၍ကြည့်ခြင်းတို့ကိုလည်း။ နဒေတိ၊မပေး။အဿ၊ထိုရန်ဘက်ဖြစ်သောပုဂ္ဂိုလ်၏။ ပဋိလောမဥ္စ၊ ဆန့်ကျင်ဘက် ကိုလည်း။ ဝတ္တတိ၊ကျင့်၏။ ။ယေဟိ၊အကြင်မပြုံးရွှင်ခြင်းအစရှိကုန်သောအကြောင်းတို့ကြောင့်။ပဏ္ဍိတော၊ပညာရှိသည်။တာနိ၊ထိုမပြုံးရွှင်ခြင်းအစရှိကုန်သောအကြောင်းတို့ကို။ဒိသွာစ၊မြင်၍၎င်း။ သုတွာစ၊ကြား၍၎င်း။အယံ၊ဤသူသည်။မေ၊ငါ၏။ အမိတ္တော၊ရန်သူတည်း။ ဇာနတိ၊ဤသို့။အမိတ္တံ၊ရန်သူကို။ဇာနေယျ၊သိရာ၏။ဧတေအာကာရာ၊ထိုမပြုံးရွှင်ခြင်းအစရှိကုန်သောအကြောင်းတို့သည်။ အမိတ္တသ္မိံ၊ရန်သူ၌။ ပတိဋ္ဌိတာ၊တည်ကုန်သည်။ဘဝန္တိ၊ဖြစ်ကုန်၏။

ဤသို့ဘုရားလောင်းသည်အဆွေခင်ပွန်းဖြစ်ခြင်း ရန်သူဖြစ်ခြင်း၏အကြောင်းတို့ကိုကြား၍။ ဗြဟ္မဝိဟာရတို့ကိုပွါးစေ၍ ဗြဟ္မာ့ပြည်သို့သွား၏၊

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍။ ရဟန်းတို့၊ယခုအခါ၊အတူနေတပည့်သည်။ထိုအခါ၊ဆင်ငယ်ကိုမွေးသောရသေ့ဖြစ်ဘူးပြီ။ ယခုအခါ၊ဥပဏ္ဏာသယ်ဆရာသည်။ထိုအခါ၊ဆင်ပြူဖြစ်ဘူးပြီ၊ ယခုအခါ၊ ဘုရားပရိသတ်တို့သည်။ ထိုအခါ၊ ရသေ့အပေါင်းတို့သည်ဖြစ်ဘူးကုန်ပြီ။ ယခုအခါ၊ငါဘုရားသည်သာလျှင်။ ထိုအခါ၊ရသေ့အပေါင်းတို့၏ဆရာဖြစ်ဘူးပြီ။ဤသို့ဇာတ်ကိုပေါင်းတော်မူ၏၊ ။ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော မိတ္တာမိတ္တဇာတ်သည်ပြီး၏။

---

## ၈။ ရာဓဇာတ်။

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည်။ ပဝါသာအာဂတောတာတ၊ အစရှိသောဂါထာ

သက်။ဇာတိ၊ဤသို့။ ဥဘယံ၊နှစ်ပါးသောအမှုအရာကို။ မေ၊ငါသည်။နခမတိ၊မနှစ်သက်။ဥဘယံ၊နှစ်ပါးသောအမှုအရာကို။မေ၊ငါသည်၊ နရုစ္စတိ၊မကြိုက်။

ထိုဘုရားလောင်းသည်ဤသို့ဆိုလျက် ရွာသူကြီးကိုဥဿျောင်၌ကိုင်ပြီးလျှင်။ငင်၍အိမ်လယ်၌သတ်ပုတ်၍၊ ငါရွာသူကြီးကိုကားဟူ၍သူတပါး၏ စောင့်ရှောက် ထိန်းသိမ်းအပ်သော ဥစ္စာ၌ ပြစ်မှားကောင်းသလော။ ဤသို့အစရှိသောစကားတို့ဖြင့် ဆဲရေးသတ်ပုတ်၍ အားနည်းသည်ကိုပြုပြီးလျှင်။လည်မှကိုင်၍အိမ်မှထုတ်လိုက်၍။ထိုမိန်းမကိုလည်းဆံကိုဆွဲ၍ကျီမှချပြီးလျှင် သတ်ပုတ်၍တဘန်ဤသို့သဘောရှိသောအမှုကိုအကယ်၍ပြုပြန်အံ့၊သိရလတ္တံ့ဟုခြိမ်းချောက်၏။ထိုအခါမှစ၍ရွာသူကြီးသည်ထိုအိမ်ကိုကြည့်အံ့သော၄ါလည်းမဝံ့လေ။ထိုမိန်းမသည်လည်းတဘန်စိတ်ဖြင့်မျှလည်းလွန်ကျူး၍ကျင့်ခြင်း၄ါမဝံ့လေ။

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင်။ သစ္စာတို့ကိုပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏။ သစ္စာကိုပြတော်မူသည်၏အဆုံး၌ လူ၏အဖြစ်သို့ လည့်တမော့မော့မျှော်ခြင်းရှိသောရဟန်းသည်သောတာပတ္တိဖိုလ်၌တည်၏။ ဇာတ်ကိုအဘယ်သို့ပေါင်းတော်မူသနည်းဟူမူကား။ရဟန်းတို့၊ယခုအခါ၊ဒေဝဒတ်သည်။ ထိုအခါ၊ရွာသူကြီးဖြစ်ဘူးပြီ။ ယခုအခါ၊ငါဘုရားသည်သာလျှင်။ ထိုအခါ၊ နှိပ်ခြင်းပြုတတ်သော အိမ်ရှင်ဖြစ်ဘူးပြီ။ ဤသို့ဇာတ်ကိုပေါင်းတော်မူ၏။ ။ကိုးခုမြောက်သောဂဟပတိဇာတ်သည်ပြီး၏။

---

## ၁၀။ သာရသီလဇာတ်။

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်။ သရီရဒဗ္ဗ၊ အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော ဤသာရသီလဇာတ်ကို ဇေတဝန်ကျောင်းတော်၌၊ သီတင်းသုံး နေတော်မူစဉ်။ မထင်ရှားသော ပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုပုဏ္ဏားအားလေးယောက်ကုန်သောသွီးတို့သည် ရှိကုန်သတတ်။ ထိုလေးယောက်ကုန်သော သွီးတို့ကို လေးယောက်ကုန်သောသူတို့သည်တောင်းလာကုန်၏၊ ထိုလေးယောက်ကုန်သော

၍ထိုလိပ်သို့ကပ်ကုန်၍။အဆွေလိပ်၊ဂင်္ဂါငါးသည်တည်းတင့်တယ်သလော။ထိုသို့မဟုတ်မူကားယမုနာငါးသည်တည်း တင့်တယ်သလောဟုမေးကုန်၏။ လိပ်သည်လည်းဂင်္ဂါငါးသည်လည်းတင့်တယ်ပေ၏။ယမုနာ ငါးသည်လည်း တင့်တယ်ပေ၏။ နှစ်ခုလည်း ဖြစ်ကုန်သောသင်တို့ထက်ကားငါသည်သာလျှင်အတိုင်းထက်အလွန်တင့်တယ်၏။ သို့ဤသောအနက်ကိုပြလိုရကား။

သောဘတိမစ္ဆာဂင်္ဂေယျော၊အထောသောဘတိယမုနေ္နာ။
စတုပ္ပဒေါယံပုရိသော၊နိဂြောဓပရိမဏ္ဍလော။
ဤသိတာယတဂ္ဂီဝေါစ၊သဗ္ဗေဝအတိရောစတိ။ ။

ဟူသောဤဂါထာကိုဆို၏။

ဂင်္ဂေယျာမစ္ဆာ၊ဂင်္ဂါငါးသည်လည်း။သောဘတိ၊တင့်တယ်ပေ၏။အထော၊ထိုမှတပါး။ ယမုနေ္နာ၊ ယမုနာငါးသည်လည်း။ သောဘတိ၊တင့်တယ်ပေ၏။စတုပ္ပဒေါ၊ အခြေလေးချောင်းရှိထသော။ နိဂြောဓပရိမဏ္ဍလော၊ပညောင်ပင်၏အဝန်းကဲ့သို့ဝန်းသောကိုယ်ရှိထသော။ ဤသိတာယတဂ္ဂီဝေါစ၊ဖြူဆံမြက်ကဲ့သို့ရှည်သောလည်ရှိထသော။အယံပုရိသော၊ဤယောက်ျားသည်ကား။သဗ္ဗေဝ၊ အလုံးစုံသောသင်တို့ကိုလျှင်။အတိရောစတိ၊လွန်၍တင့်တယ်သေး၏။

ငါးတို့သည်ထိုလိပ်၏စကားကိုကြားကုန်၍။အိုလိပ်ယုတ်မာ၊ငါတို့သည်မေးအပ်သည်ကိုမဖြေမူ၍တပါးကိုသာလျှင်ဆို၏ဟုဆိုလို၍။

ယံပုစ္ဆိတောနတံအက္ခာသိ၊အညံအက္ခာသိပုစ္ဆိတော။
• အတ္တပသံသကောပေါသော၊နာယံအသ္မာကရုစ္စတိ။ ။

ဟူသောနှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သောဤဂါထာကိုဆို၏။

အမ္ဘောပါပကစ္ဆပ၊အိုလိပ်ယုတ်မာ။ ပုစ္ဆိတော၊မေးအပ်သောသင်သည်။ယံ၊ အကြင်ပြဿနာကို။ အမှေဟိ၊ ငါတို့သည်။ ပုစ္ဆိတော၊မေးအပ်၏။တံ၊ထိုမေးအပ်သောပြဿနာကို။ နအက္ခာသိ၊မဖြေ။ အညံ၊တပါးကို။အက္ခာသိ၊ဆို၏။ အတ္တပသံသကော၊ မိမိကိုယ်ကိုချီးမွမ်းတတ်သော။ အမှေဟိ၊ ငါတို့သည်၊ ပုစ္ဆိတော၊ မေးအင်သော။ အယံပေါသော၊ ဤယောက်ျားကို။အသ္မာကံ၊ငါတို့သည်။နရုစ္စတိ၊မနှစ်သက်။

ဤသို့ဆိုကုန်၍ လိပ်၏အပေါ်သို့ရေကိုပက်ခဲ့ကုန်၍မိမိတို့၏ နေရာအရပ်သို့လျှင်သွားကုန်၏။

စစ်။အစရှိ၊ ကျက်စားလှလေပြီ။ အထ၊ ထိုနောင်မှ။ သဒါ၊ အခါခပ်သိမ်း။ဇာတိသာရံ၊ဇာတ်အားဖြင့်အနှစ်ရှိသော။ ခဒိရံ၊ရှားတောသို့။ ပါပုဏိ၊ရောက်လာ၏။ပါပုဏိတွာ၊ရောက်လာ၍။ ယတ္ထ အကြင်သစ်ပင်၌။ဥတ္တမင်္ဂ၊ ဦးခေါင်းကို။ ဘိဒါ၊ခွဲ၏။ သောသာရရုက္ခော၊ ထိုအနှစ်ရှိသောသစ်ပင်သည်။ခဒိရောနာမ၊ ရှားပင်မည်၏။

ထိုကလန္ဒကသည် ထိုအရပ်၌လျှင် အသက် ကုန်ခြင်း သို့ရောက်လေ၏။

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍။ ရဟန်းတို့။ယခုအခါ၊ဒေဝဒတ်သည်။ထိုအခါ၊ကလန္ဒကဖြစ်ဘူးပြီ။ယခုအခါ၊ငါဘုရားသည်သာလျှင်။ ထိုအခါ၊ခဒိရဝနိယဖြစ်ဘူးပြီဟုဇာတ်ကိုပေါင်းတော်မူ၏။ ။ဆယ်ခုတို့၏ပြည့်ကြောင်းဖြစ်သောကလန္ဒကဇာတ်သည်ပြီး၏။

ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော ဆင်ဖြူများရှင်တရားမင်းမြတ်၏ သားတော်အကြီးမဟာဥပရာဇာသည် အလွန်တရာခဲယဉ်းစွာသောရခိုင်ပြည်ကြီးကို မင်းနှင့်တကွသိမ်းယူတော်မူပြီး၍။ ရဟန်း၊ ရှင်၊ လူ၊ပြည်သူအပေါင်းတို့၏ စီးပွါးချမ်းသာအကျိုး၄ါ ပင့်ဆောင်တော်မူခဲ့သော မဟာမုနိဘုရားရှင်၏ အရှေ့မျက်နှာအရပ်၌၊ မဟာဥပရာဇာမယ်တော်အရှင်မိဘုရား မြတ်သည်ဆောက်လုပ်အပ်သော မင်္ဂလာဘုံကျော် ကျောင်းတော်နေ(ညောင်ကန်ဆရာတော်)သည်။ မြန်မာပြန်ဆိုအပ်သော ဒုကနိပါတ်ဇာတ်၌၊ ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဒဠှဝဂ်သည်။ဤမျှသောသဒ္ဒါ၏အစဉ်၊ အနက်၏အစဉ်အားဖြင့် အပြီးသို့ရောက်၏။

---

## ၁။ သောမဒတ္တဇာတ်၊

နတ်နှင့်တကွသော သောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်။ အကာသိယောဂံ၊ အစရှိသော ဂါထာပုဒ်ဖြင့် ဟန်းဆာဆင်အပ်သော ဤသောမဒတ္တဇာတ်ကို ဇေတဝန် ကျောင်းတော်၌၊သီတင်းသုံးနေတော်မူစဉ်။လာလုဒါယီမထေရ်ကိုအကြောင်းပြု၍ ဟောတော်မူ၏။ ထိုစကားကိုခွဲဦးအံ့၊ ထိုလာလုဒါယီသည် နှစ်ယောက်ကုန်သော သူတို့၏ အတွင်း၌ တခွန်းသော စကားကိုလည်း

ပုဏ္ဏံနဒိံ ယေနစပေယျမာဟု။
ဇာတံယဝံယေနစဂုယှမာဟု။
ဒူရံဂတံယေနစအဝှယတ္ထိ။
သောတျာဘတောဟန္ဒနံဘုဥ္ဇ ဗြာဟ္မဏာ။ ။

ဟူသော ဤဂါထာကိုထန်းရွက်၌ရေး၍။

ဗြာဟ္မဏ၊ပုဏ္ဏား။ ယေန၊ အကြင်ဥက်ကြောင့်။ ပုဏ္ဏံ၊ ရေဖြင့်ပြည့်သော။ နဒိံ၊မြစ်ကိုလည်း။ ပေယျံ၊ကမ်းနားခြံရပ်၍ သောက်ခြင်းငှါ စွမ်းနိုင်ကောင်းသောရေရှိသောမြစ်ဟူ၍။အာဟု၊ဆိုကုန်၏။ ယေန၊အကြင်ဥက်ကြောင့်။ဇာတံ၊ ရောက်သော။ ယဝံ၊ မုယောအစရှိသောစပါးပင်နှကိုလည်း။ ဂုယှံ၊ဖုံးလွှမ်းနိုင်ပြီးသောစပါးပင်ဟူ၍။ အာဟု၊ဆိုကြကုန်၏။ယေန၊အကြင်ဥက်ကြောင့်။ ဒူရံ၊ဝေးသောအရပ်သို့။ ဂတံ၊ သွားသတ်သောအဆွေခင်ပွန်းကို။အဝှယတ္ထိ၊ရောက်အံ့ဟူ၍ဆိုကုန်၏။ သော၊ထိုဥက်ကို။ တော သင်တို့။ အာဘတော၊ ပို့လာစေ၏။ ဟန္ဒ၊ ယူသော့၊နံ၊ထိုဥက်သားကို။ဘုဥ္ဇ၊စားလေလော့။

မင်းသည်ဤဂါထာကိုထန်းရွက်၌ရေး၍ဘုရားလောင်းအား ပို့စေ၏။ ဘုရားလောင်းသည်မှာစာကို ဘတ်၍။ မင်းသည်ငါ့ကိုမြင်လိုပြီဟု သိ၍။

ယတောမံသရတိရာဇာ၊ဝါယသံပိပဟောတဝေ။
ဟံသာကောဥ္စာမယူရာစ၊အသတိယေဝပါပိယော။ ။

ဟူသောနှစ်ချတ်ရို၏ပြည့်ကြောင်းဖြစ်သောဤဂါထာကိုဆို၏။

•ရာဇာ၊မင်းသည်။ ယတော၊ယဒါကာလေ၊ အကြင်ကာလ၌။ ဝါယသမံသံ၊ကျီးသားကို။သဘိတွာ၊ရ၍။ဝါယသံပိ၊ကျီးသားကို စင်လျက်လည်း။ပဟောတဝေ၊ပို့သာခြင်းငှါ။မံ၊ငါ့ကို။ သရတိ၊အောက်မေ့သေး၏။ဟံသာစ၊ ဟသ်ာသားတို့ကိုရင်း။ ကောဥ္စာစ၊ ကြိုးကြာသားတို့ကိုရင်း။မယူရာစ၊ဥဒေါင်းသားတို့ကိုရင်း။ဥပနီတာ၊ ဆက်လာကုန်သည်ရှိသော်။တာနိ၊ ထိုဟသ်ာသားအစရှိသည်တို့ကို။ ပဟောတဝေ၊ပို့လာခြင်းငှါ။မံ၊ငါ့ကို။ကသ္မာ၊ အဘယ်ကြောင့်။နသရိဿတိ၊ မအောက်မေ့လတ္တံ့နည်း။ သရိဿတိဧဝ၊ အောက်မေ့ လတ္တံ့သည်သာလျှင်တည်း။ လောကသ္မိံ၊လောက၌။အသတိယေဝ၊မအောက်မေ့ခြင်းသာလျှင်။ပါပိယော၊ယုတ်မာ၏။သတိ၊အောက်မေ့ခြင်းသည်ကား။သေဋ္ဌော၊မြတ်၏။

မြောက်ဝမ်းသာခြင်းရှိသည်။အဟောသိ၊ဖြစ်၍။သေဂ္ဂု၊သွိုးသေဂ္ဂု။တွံပန်၊သင်သည်တမူကား။ ဂါမဓမ္မသဿ၊ရွာသူ၏အကျင့်၌။ အကောဝိဒါ၊အဘယ်ကြောင့်မလိမ္မာဘိသနည်း။ တွံ၊သင်သည်။ပဝနေ၊တောအရပ်၌။မယာ၊ငါသည်။ သန္တဝဝသေန၊ပေါင်းဘော်လိုသည်၏ အစွမ်းအားဖြင့်။ဂဟိတာ၊လက်ကိုင်သတ်သည်ရှိသော်။ ယံပရောဒေသိ၊အကြင်ငိုဏ်၏။အဗ္ဗ၊ယာချ၌။သေဋ္ဌေသော၊ဤသို့ငိုခြင်းဟုဆိုအပ်သော။ တဝ၊သင်၏။ဓမ္မော၊သဘောသည်၊ကော၊အသို့နည်း။တွံ၊သင်သည်။ ကုမာရိကာနာမ၊သူငယ်မ မည်သည်မဟုတ်တုံသော။

ထိုစကားကိုကြား၍ သူငယ်မသည်။ ဘခင်၊ကျွန်ုပ်သည်သူငယ်မဟုတ်သလျှင်ကကာည်း။ ကျွန်ုပ်သည်မေထုန်အကျင့်မည်သည်ကိုမသိဟုဆို၍ငိုကြွေးလျက်။

ယောဒုက္ခဖုဋ္ဌာယဘဝေယျတာဏံ။
သောမေပိတာဒုဗ္ဘိဝနေကရောတိ။
သာကဿကန္ဒာမိဝနဿမဇ္ဈေ။
ယောတာယိတာသောသဟသံကရောတိ။ ။

ဟူသောနှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော၌ဂါထာကိုဆို၏။

တာတ၊ဘခင်၊ ယောပိတာ၊အကြင်အဘသည်။ဒုက္ခဖုဋ္ဌာယ၊ဆင်းရဲခြင်းတွေ့လတ်သည်ရှိသော်။တာဏံ၊စောင့်ရှောက်သည်။ ဘဝေယျ၊ဖြစ်ရာ၏။ မေ၊ငါ၏။ သောပိတာ၊ထိုအဘသည်။ ဝနေ၊တောအရပ်၌။ဒုဗ္ဘိ၊ကိုယ်မှဖြစ်သောသွီး၌လွန်ကျူးခြင်းကို။ ကရောတိကတံမညတိ၊ပြုအပ်၏ဟုထင်မှတ်၏။ သာဟံ၊ ထိုငါသည်။ ဝနဿ၊ တောအရပ်၏။ မဇ္ဈေ၊အလယ်၌။ကဿ၊အဘယ်သူ၏။ တာဏဂဟဏတ္ထာယ၊စောင့်ရှောက်ခြင်းကိုယူအံ့သော၄ါ။ကန္ဒာမိ၊ရအံ့နည်း။ယောပိတာ၊ အကြင်အဘသည်။ တာယိတာ၊စောင့်ရှောက်ထိုက်၏။ သောပိတာ၊ထိုအဘသည်လျှင်။သဟသံ၊ ရှန့်ရင်းသောအမှုကို။ကရောတိ၊ပြု၏။

ထိုဟင်းရွက်သည်ဒါယကာသည်။ထိုအခါ၌၊သွီးကိုစုံစမ်း၍။ အိမ်သို့ဆောင်၍အမျိုးသားအားပေး၍။ကံအားလျော်စွာလား၏။

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကိုပြတော်မူ၍ဇာတ်ကိုပေါင်းတော်မူ၏။ သစ္စာကိုပြတော်မူသည်၏အဆုံး၌ဟင်းရွက်သည်သည်သောတာပတ္တိဖိုလ်၌တည်၏။အ

၌၊ ကေကော၊ တယောက်အထီးတည်း၊ ကပ္ပဏောပိယ၊ အထီးကျန်သောသူကဲ့သို့။ နိသိန္နော၊နေလျက်။ဈာယသိ၊အဘယ်ကိုကြံဘိသနည်း။
ထိုစကားကိုကြားး၍ဘုရားလောင်းသည်။
သုခံ ဇီဝိတရူပေါသို့၊ရဋ္ဌာပိဝနမာဂတော။
သောကေကောရုက္ခမူလေ၊ကပ္ပဏောပိယဈာယသိ။
သတံခွမနုသာရံ။ ။
ဟူသောနှစ်ရတို့၏ပြည့်ကြောင်းဖြစ်သော၂ဂါထာကိုဆို၏။
သမ္မ၊အဆွေ၊ အဘံ၊ငါသည်၊ သုခံ၊ချမ်းသာစွာ။ ဇီဝိတရူပေါ၊ အသက်မွေးရသောသူကဲ့သို့၊အသွင်၊ဖြစ်၍၊သောအဟံ၊ထိုငါသည်။ရဋ္ဌာ၊ပြည့်သောသူတို့၏နေရာအရပ်မှ။ ဝနံ၊ ရေမရှိသောတောအရပ်သို့။ အာဂတော၊ဝင်သော၏။ အခုညသို့၊တောအရပ်၌၊ရုက္ခမူလေ၊သစ်ပင်ရင်း၌၊ ကပ္ပဏောပိယ၊ အထီး ကျန်သော သူကဲ့သို့။ ကေကော၊ တယောက်အထီးတည်း၊ နိသိန္နော၊နေလျက်၊ သတံ၊ဘုရား၊ပစ္စေကဗုဒ္ဓါသာဝကဟု၊ဆိုအပ်ကုန်သောသူတော်ကောင်းတို့၏၊ဓမ္မံ၊လောကစံတရားရှစ်ပါးသည်နှိပ်စက်၍ဘုန်လှုပ်ခြင်းမရှိသောသဘောကို။အနုသာရံ၊အနုသာရန္တော၊အောက်မေ့လျက်။ဈာယာမိ၊ကြံ၏။
ထိုအခါ၌၊ထိုဘုရားလောင်းကိုသိကြားမင်းသည်။ ပုဏ္ဏား၊ ဤသို့သူတော်ကောင်းတို့၏ သဘောကို ဆင်ခြင်သည် ဖြစ်လတ်သော်၊ သင်သည်ဤအရပ်၌ အဘယ်ကြောင့်နေဘိသနည်းဟုဆို၏။ အဆွေ၊ မင်းသည်လေးပါးသောအင်္ဂါနှင့်ပြည့်စုံသောဉယျာဉ်စောင့်ကိုဆောင်စေ၏။ထိုသို့သဘောရှိသောဉယျာဉ်စောင့်ကိုရအံ့သော၄ါမစွမ်းနိုင်။ထို၄ါသည်သူတပါး၏လက်၌ သေသဖြင့်အဘယ်ပြုအံ့နည်း။ တောသို့ဝင်၍ကိုးကွယ်ရာမရှိသောသေခြင်းဖြင့်သေအံ့ဟုကြံ၍ ဤသို့လာ၍နေ၏ဟုဘုရားလောင်းသည်ဆို၏။ ပုဏ္ဏား ငါသည်သိကြားနတ်မင်းတည်း။ ငါသည်သင့်အို ဉယျာဉ်အစရှိသည်တို့ကို ဘန်ဆင်းအပ်ကုန်ပြီ။ အင်္ဂါလေးပါးနှင့်ပြည့်စုံသောဉယျာဉ်စောင့်ကိုဘန်ဆင်းအံ့သော၄ါမတတ်ကောင်း။ သင်တို့၏ မင်း၏ ဦးခေါင်းကို တန်းဆာ ဆင်တတ် သော ဆေတ္တာသည်သည်ဆေတ္တပါဏိမည်၏၊ ထိုဆေတ္တပါဏိသည်အင်္ဂါလေးပါးနှင့်ပြည့်စုံ၏၊အင်္ဂါလေးပါးနှင့်ပြည့်စုံသောဉယျာဉ်စောင့်ဖြင့်အလိုရှိသည်ရှိသော်။ထိုဆေတ္တာသည်ကိုဉယျာဉ်စောင့်ပြုစိမ့်သော၄ါ

လေသာရှိသောပုဂ္ဂိုလ်မြတ်၏။သိလေသုမက်ဖိုလ်သီလတို့၌။ သုသမာဟိတော၊ ကောင်းစွာ ဆောင်ရွက်၍ ထားဘိသကဲ့သို့ တည်၍။ ဒမ္မသစ္စေန၊ ဣန္ဒြေကိုဆုံးမခြင်းဟုဆိုအပ်သောဒမ္မနိဗ္ဗာန်ဟုဆိုအပ်သော ပရမတ္ထသစ္စာနှင့်လည်း။ ဥပေတော၊ ပြည့်စုံ၏။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ဝေ၊စင်စစ်။ ကာသာဝံ၊ သင်္ကန်းတော်ကို။ အရဟတိ၊ ဝတ်ရုံထိုက်၏။

ဤသို့ဘုရားလောင်းသည်ထိုယောက်ျားအားဤအကြောင်းကိုဆို၍ ဤနေ့မှစ၍ ဤအရပ်သို့မလာလင့်။ အကယ်၍လာအံ့သင်၏ အသက်သည်မရှိရလတ္တံ့ဟုခြိမ်းချောက်၍ပြေးစေ၏။

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကိုဆောင်တော်မူ၍။ ရဟန်းတို့၊ ယခု အခါ၊ ဒေဝဒတ်သည်။ ထို အခါ၊ ဆင်သတ်သော ယောက်ျားဖြစ်ဘူးပြီ။ယခုအခါ၊ ငါဘုရားသည်လျှင်။ ထိုအခါ၊ဆင်အပေါင်းတို့၏အကြီးဖြစ်ဘူးပြီဟုဇာတ်ကိုပေါင်းတော်မူ၏။ ။ရှေးဦးစွာသောကာသာဝဇာတ်သည်ပြီး၏။

---

## ၂။ စူဠနန္ဒိယဇာတ်။

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်။ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်။ဒေဝဒတ်ကိုအကြောင်းပြု၍ဟောတော်မူ၏။ ထိုစကားကိုချဲ့ဦးအံ့။ တနေ့သ၌ရဟန်းတို့သည်တရားသဘင်၌။ ငါ့ရှင်တို့၊ ဒေဝဒတ်သည်ကြမ်းတမ်း၏။ ရှန့်ရင်း၏။ နိုင်ထက်ကလူမှုတတ်၏။ မြတ်စွာဘုရား၌လေးသမားတို့ကိုလုံ့လပြုစေ၏။ ကျောက်ဖျာကိုလှိမ့်၏။နာဠာဂိရိဆင်ကိုလွှတ်လိုက်၏။ မြတ်စွာဘုရား၌ထိုဒေဝဒတ်၏အနည်းငယ်သောသည်းခံခြင်းမေတ္တာသနားခြင်းသည်လည်း မရှိ။ဤသို့စကားကိုဖြစ်စေကုန်၏။မြတ်စွာဘုရားသည်ကြွလာတော်မူလတ်၍။ ရဟန်းတို့၊ယခုအခါအဘယ်မည်သောစကားဖြင့်စည်းဝေးကြကုန်သနည်းဟုမေးတော်မူလတ်၍။ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟုနားတော်လျှောက်သည်ရှိသော်။ရဟန်းတို့၊ဒေဝဒတ်

အရာ၌ထား၍ ထိုမိန်းမအား ဤမျှသည်ပင်လျှင် သင့်ပြီဟုတပါးသောလာဘသက္ကာရကိုဇင်း၊ မြတ်နိုးတနာကိုဇင်းမပြု။ အဘယ်သို့ မျှရသနည်းဟူ၍မျှလည်းမမေး။ဘုရားလောင်းသည်ကြံ၏၊ အဘယ်သို့ကြံသနည်းဟူမူကား၊ ဤမိဘုရားသည်မင်းအားကျေးဇူးများ၏။ အလွန်ချစ်၏။မင်းသည်တမူကားထိုမိဘုရားကိုအနည်းငယ်မျှလည်း မအောက်မေ့။ ငါသည်ထိုမိဘုရားအားလာဘသက္ကာရကိုဇင်း၊မြတ်နိုးတနာကိုဇင်းပြုစေအံ့ဟုကြံ၏။ကြံပြီး၍ဘုရားလောင်းသည်ထိုမိဘုရားသို့ကပ်၍ခစားခြင်းကိုပြု၍မိဘုရားသည်၊ အမောင်၊ အသို့နည်း ဟုမေးသည်ရှိသော်စကားကိုဖြစ်စိမ့်သော၄ါ၊ ရှင်မိဘုရား၊ အကျွန်ုပ်တို့သည်အရှင်တို့ကိုခစားပါကုန်၏၊ သက်ကြီးမိဘတို့အား အဝတ်ထည်ပိုင်း ကိုမျှဇင်း၊ထမင်းဆုပ်ကိုမျှဇင်း ပေးအံ့သော၄ါ မသင့်ပါလောဟုဆို၏၊ ဘခင်၊ ကျွန်ုပ်သည်မိမိ၏အကျိုး၄ါတစုံတခုကိုမျှမရပါ။ သင်တို့အားအဘယ်ကို ပေးပါရအံ့နည်း။ ရသောကာလ၌ ပေးအံ့သည် မဟုတ်တုံလော။ယခုတမူကားမင်းသည်ငါ့အားတစုံတခုကိုမျှမပေး။ တပါးကိုပေးခြင်းကိုထားဘိဦး။ မင်းအဖြစ်ကိုယူအံ့သော၄ါ လာလတ်သည်ရှိသော်ခရီးအကြား၌ ထမင်းထုပ်ကိုရ၍ ထမင်းကိုမျှလည်း ငါ့အားမပေးမူ၍မိမိချည်းသာလျှင်စား၏ဟုဆို၏။ အမိ၊အသို့နည်း မင်း၏အထံ၌ ဤသို့ဆိုအံ့သော၄ါ မစွမ်းနိုင်လောဟု ဆိုသည်ရှိသော်။ အမောင်၊ စွမ်းနိုင်လတ္တံ့ဟုဆို၏။ အမိ၊ထိုသို့တပြီးကားယနေ့ပင်လျှ ကျွန်ုပ်မင်း၏အထံ၌တည်စဉ်ကာလ၌ကျွန်ုပ်မေးလတ်သည်ရှိသော် ဤသို့ဆိုကုန်လော့၊ ယနေ့ပင်လျှင် သင်တို့၏ ကျေးဇူးကို သိစေအံ့ဟုဆို၍ ဘုရားလောင်းသည် ရှေးဦးစွာသွား၍ မင်း၏အထံ၌နေ၏။ ထိုမိဘုရားသည်မင်း၏အနီး၌နေလာ၏၊ ထိုအခါ၌၊ထိုမိဘုရားကိုဘုရားလောင်းသည်။ အမိ၊ အရှင်တို့သည်။ အလွန်လျှင်ရက်ရောကုန်၏။ အဘတို့အား အဝတ်ပိုင်းကိုမျှဇင်း၊ထမင်းကိုမျှဇင်းပေးအံ့သော၄ါသင့်သည်မဟုတ်တုံလောဟုဆို၏၊ အမောင်၊ ကျွန်ုပ်သည်ပင်လျှင်မင်း၏အထံမှတစုံတခုကိုမရပါ။ သင်တို့အား အဘယ်ကို ပေးပါရ အံ့နည်းဟု ဆိုသည် ရှိသော်။ အရှင်သည်မိဘုရားမြတ် အရာကိုရသည် မဟုတ်တုံလောဟုဆို၏။ အမောင်၊ တစုံတခုသော ပူဇော်သက္ကာရကိုရခြင်းသည် မရှိသော် မိဘုရားမြတ်အရာသည် အဘယ်ပြုလတ္တံ့နည်းဟုဆို၍။ ယခု

အတ္ထိမေပုရိသောဒေဝ၊သဗ္ဗကိစ္စေသုဝါယာမကော။
တသသေစကောပရာဓတ္ထိ၊အထတွံကိန္တိမညသိ။ ။

ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။

ဒေဝ၊မင်းမြတ်။မေ၊အကျွန်ုပ်အား။ သဗ္ဗကိစ္စေသု၊ ခပ်သိမ်းသောကိစ္စတို့၌။ ဝါယာမကော၊လုံ့လပြုတတ်သော။ ပုရိသော၊ယောကျ်ားသည်၊အတ္ထိ၊ရှိ၏၊တဿ၊ထိုယောကျ်ားအား။ဧကော၊တခုသော။ အပရာဓော၊အိမ်ရာပြစ်မှားသောအပြစ်သည်။ အတ္ထိ၊ရှိ၏။အထ၊ထိုအိမ်ရာပြစ်မှားသောအဖြစ်ကြောင့်။ကိန္တိ၊အသို့ပြုအပ်၏ဟူ၍။ တွံ၊အရှင်မင်းမြတ်သည်၊မညသိ၊အောက်မေ့တော်မူသနည်း။

ထိုစကားကိုကြား၍မင်းသည်။

အမှာကံအတ္ထိပုရိသော၊ဧသောပိဇ္ဇခဝိဇ္ဇတိ။
ဒုလ္လဘောအင်္ဂသမ္ပန္နော၊ခန္တိအမှာကံရုစ္စတိ။ ။

ဟူသောနှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သောဂါထာကိုဆို၏။

ဘောအမစ္စ၊အိုအမတ်။အမှာကံပိ၊ငါတို့အားလည်း။ ဧသော၊ဤသို့သဘောရှိသော။ ပုရိသော၊အိမ်ရာ ပြစ်မှားတတ်သော ယောကျ်ားသည်။အတ္ထိ၊ရှိ၏။ဧသော၊ဤသို့သဘောရှိသောယောကျ်ားသည်။ဣဓ၊ဤအရပ်၌ပင်လျှင်၊ ဝိဇ္ဇတိ၊ရှိ၏။ အင်္ဂသမ္ပန္နော၊ ကျေးဇူးအင်္ဂနှင့်ပြည့်စုံသောယောကျ်ားကို။ဒုလ္လဘော၊ရခဲ၏၊တေန၊ထို့ကြောင့်။ခန္တိ၊သည်းခံခြင်းကိုသာ။အမှာကံ၊ငါတို့သည်။ရုစ္စတိ နှစ်သက်၏။

ထိုအမတ်သည်မိမိကိုယ်ကိုရည်၍ မင်းဆိုသည်၏အဖြစ်ကိုသိ၍ ထိုအခါမှစ၍နန်းတွင်း၌ ပြစ်မှားအံ့သောငှါမဝံ့။ ထိုအမတ်ကိုခစားသောယောကျ်ားသည်လည်းမင်းအားကြားသည်၏အဖြစ်ကိုသိ၍ထိုအခါမှစ၍ထိုအမှုကိုပြုအံ့သောငှါမဝံ့။

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍။ မင်းမြတ်၊ယခုအခါ၊ ငါဘုရားသည်သာလျှင်။ ထိုအခါ၊ ဗာရာဏသီပြည်၌ မင်းဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။ ထိုအမတ်သည်ကောသလမင်းသည် မြတ်စွာဘုရားအားလျှောက်သည်၏ အဖြစ်ကိုသိ၍။ထိုအခါမှစ၍။ ထိုအမှုကိုပြုအံ့သောငှါမဝံ့။ ။ငါးခုတို့၏ပြည့်ကြောင်းဖြစ်သောခန္တိဝဏ္ဏဇာတ်သည်ပြီး၏။

လုံ့လပြုခြင်းသည်။ သာရ၊ ကောင်း၏။ အကာလေ၊ အခါမဟုတ်သည်၌။ နိက္ခမော၊ ထွက်ခြင်းလုံ့လပြုခြင်းသည်။ နသာရ၊ မကောင်း။ ကောစိ၊ တစုံတယောက်သော။ ပုရိသော၊ ယောကျ်ားသည်။ အကာလေ အခါမဟုတ်သည်၌။ နိက္ခမိတွာ၊ ထွက်၍။ ကိဉ္စိ၊ တစုံတခုသော။ အတ္တံ၊ အကျိုးစီးပွါးကို။ နဇာတေတိ၊ မထွန်းပစေနိုင်။ အထခေါ၊ စင်စစ်သော်ကား။ ကောကံဝ၊ တယောက်တည်းသောသူကိုလည်း။ ဗဟုဇနော၊ များစွာသောရန်သူသည်။ အကာလေ၊ အခါမဟုတ်သည်၌။ နိက္ခန္တော၊ ထွက်လတ်သည်ရှိသော်။ ပရိဝါရေတွာ၊ ခြံရံ၍။ မဟာဝိနာသံ၊ ကြီးစွာသော ပျက်စီးခြင်းသို့၊ ပါပေတိ၊ ရောက်စေတတ်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဓင်္ကသေနာ ကျီးအပေါင်းတို့သည်။ ကောသိယံ ခင်ပုပ်ကို။ တုဏ္ဍေဟိ၊ နှုတ်သီးတို့ဖြင့်။ ဝိတုဒန္တိ ဣဝ၊ ထိုးကုန်ဘိသကဲ့သို့တည်း၊ မဟာရာဇ၊ မင်းမြတ်။ ကောသိယော၊ အခါဟုတ်သည်၌သာ ထွက်သောခင်ပုပ်လိမ္မာသည်။ သုခီ၊ ချမ်းသာခြင်းရှိသည်။ သိယာဣဝ၊ ဖြစ်သကဲ့သို့။ ဓီရာ၊ ထို့အတူ။ ဝိဓိဝိဓာနညူ၊ ရှေးပညာရှိတို့သည် ထားအပ်သောထုံးပဝေဏီအစီအရင်ကိုသိထသော။ ပရေသံ၊ တပါးကုန်သောသူတို့၏။ ဝိဝရာနုဂူ၊ လစ်ဟင်းခြင်းကို သိထသော။ မေဓာဝီ၊ ပညာရှိသည်။ သဗ္ဗာမိတ္တေ၊ ခပ်သိမ်းသောရန်သူတို့ကို။ ဝသီကတွာ၊ မိမိအလိုသို့လိုက်သည်ကိုပြု၍။ သုခီ၊ ချမ်းသာခြင်းနှင့်ပြည့်စုံသည်။ သိယာ ဖြစ်ရာ၏။

မင်းသည်ဘုရားလောင်း၏စကားကိုကြား၍ပြန်၏။

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍။ မင်းမြတ်၊ ယခုအခါ၊ အာနန္ဒာသည်။ ထိုအခါ၊ မင်းဖြစ်ဘူးပြီ။ ယခုအခါ၊ ငါဘုရားသည်သာလျှင်။ ထိုအခါ၊ ပညာရှိသော အမတ်ဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။ ။ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သော ကောသိယဇာတ်သည်ပြီး၏။

---

## ၇။ ဂူထပါဏဇာတ်။

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ သူရောသူရေနသင်္ဂမ၊ အစရှိသောဂါထာပုဒ်ဖြင့်

ကားသည်မှန်၏။ တဝါသင်၏။ ဗလကာယော ဖိုလ်ပါအပေါင်းသည်၊ တာဒိသံတာဒိသော ထိုသို့သင်ကြံသောအတိုင်းသဘောရှိသည် နဟိသ မဖြစ်သလျှင်ကတည်း၊ တွံ သင့်ကို။ ကေဝလံ၊ စင်စစ်။ ဝံဥယှ သေနဂဒေါသအစရှိသောအပူသည်လောင်အပ်၏။ တွံ သင်သည်၊ နိသေခကံ ငါကဲ့သို့သဘောရှိသောနှိပ်စက်လွှမ်းမိုး၍ တားမြစ်တတ် သောသူကို။ နဟိလဘတော၊ မရသလျှင်ကတည်း။ အာသဋ္ဌသိ၊ ချဉ်းခဲ့ လေ့ ကြေစာရိန်၊ ကြေစာရိ။ ဟစီးတည်းသာသွားလေ့ရှိသော။ ဂဇဂ ဇေ သင်ပြောင်ကြီးသည်။ နဒ္ဒ၊ ကျုံတောကို။ ပါဒါ၊ ခြေတို့ဖြင့်။ ပေါ ထဟိဿ၊ နင်းထိုးသကဲ့သို့ ဖော်တတော ထို့အတူ။ ယောရာဇာ၊ အကြင် ဗာရာဏသီမင်းသည်။ တံ၊ သင့်ကို။ ပေါထယိဿတိ၊ နင်းနှိပ်သတ်လတ္တံ့။

ဤသို့ခြိမ်းချောက်သော ထိုဘုရားလောင်း၏ စကားကို ကြား၍ ဂန္ဓာရမင်းသည် ကြည့်မျှော် သေသည်ရှိသော် ရွှေပြားနှင့်တူသော မြတ်သောနဖူးကိုမြင်၍ မိမိကိုဖမ်းအံ့သည်မှ ကြောက်ရကား။ ပြန်၍ ပြေးပျောက်မိမိမြို့သို့လျှင်သွား၏။

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မ ဒေသနာကို ဆောင်တော်မူ၍။ ဒါယကာတို့၊ ယခုအခါ၊ ပြေးသောပုဂ္ဂိုလ်သည်။ ထိုအခါ၊ ဂန္ဓာရမင်း ဖြစ်ပြီ။ ယခုအခါ၊ ငါဘုရားသည်သာလျှင်။ ထိုအခါ၊ ဗာရာဏသီမင်း ဖြစ်ပြီဟုဇာတ်ကိုပေါင်းတော်မူ၏။ ။ဆယ်ခုတို့၏ပြည့်ကြောင်း ဖြစ်သောဒုတိယပလာယိတဇာတ်သည်ပြီး၏။

ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော ဆင်ဖြူများရှင် တရား မင်းမြတ်၏ သားတော်အကြီး မဟာဥပရာဇာသည် အလွန်တရား ခဲ ယဉ်းမှာသောရခိုင်ပြည်ကြီးကိုမင်းနှင့်တကွသိမ်းယူတော်မူပြီး၍။ ရ ဟန်းရှင်လူပြည်သူအပေါင်းတို့၏စီးပွါးချမ်းသာအကျိုးငှါ ဆောင် တော်မူခဲ့သောမဟာမုနိဘုရားရှင်၏ အရှေ့မျက်နှာအရပ်၌ မဟာဥပ ရာဇာမယ်တော် အရှင်မိဘုရားမြတ်သည် ဆောက်အပ်သောမင်္ဂလာ ဘုံကျောင်းတော်နေ(ညောင်ကန်ဆရာတော်)သည်။ မြန်မာပြန် ဆိုအပ်သောဧကနိပါတ်ဇာတ်၌၊ ရှစ်ခုတို့၏ ပြည့်ကြောင်း ဖြစ်သော ကာသဝဂ်သည်ဤမျှသောသဒ္ဒါ၏အစဉ်၊ အနက်၏အစဉ်အားဖြင့် အပြီးသို့ရောက်၏။

လာသောခရီးသို့လျှင်သွား၏။ထိုနှစ်ယောက်ကုန်သော သူဌေးသို့ ငကုန်းတို့သည်လည်းတညဥ့်ပတ်လုံး ခရီးကိုသွားကုန်၏။ ထိုအခါ၊တညဥ့်ပတ်လုံး မအိပ်ရသောကြောင့်ကုန်း၏ကိုယ်၌ အရှုဏ်တက်သောအခါလေသည်ထ၏။ သည်းစွာကုန်သောဝေဒနာတို့သည်ဖြစ်ကုန်၏၊ ထိုငကုန်းသည်သည်းစွာသောဝေဒနာသို့ရောက်သည်ဖြစ်၍အညှို့ပြတ်ပြီးသော ကောက်သောအရိုးရှိသောစောင်းကဲ့သို့ ကွေးလျက်အိပ်၏။ သူဌေး သို့သည်လည်း ထိုငကုန်း၏ ခြေရင်း၌နေ၏။ ဘုရားလောင်းသည် သူဌေးသို့ကို ငကုန်း၏ခြေရင်း၌နေသည်ကိုမြင်၍ သိသည်ရှိသော်၊ကပ်လေ၍သူဌေးသို့နှင့်တကွစကားပြောလို၍။

ဧကစိန္တိတောယမတ္ထော၊ဗာလောအပရိနာယကော။
နဟိခုဇ္ဇေနဝါမေန၊ ဘောတိသက္ကုမရှဟာသိ။ ။

ဟူသောရှေးဦးစွာသော ဂါထာကိုဆို၏။

အမွှါချဂ်သို့။အယံ၊ဤသို့သဘောရှိသော။အတ္ထော၊ အမှုကို။ ဧကစိန္တိတော၊ တယောက်တည်းသောသင်သည်သာလျှင်ကြံအပ်သည်။ ဘဝိဿတိ၊ဖြစ်လတ္တံ့။ဗာလော၊မိုက်သောငကုန်းသည်။ အပရိနာယကော၊အကြီးအကဲမဟုတ်။ဘောတိ၊ရှင်မ။ဝါမေန၊ကွထသော။ခုဇ္ဇေန၊ငကုန်းနှင့်။သက္ကုံ၊ပေါင်းဘော်အံ့သောငှါ။ တွံ၊သင်သည်။ နအရဟသိ၊မထိုက်။

ထိုအခါ၊ဘုရားလောင်း၏စကားကိုကြား၍သူဌေးသို့သည်။

ပုရိသူသဘမညမာနာ၊အဟံခုဇ္ဇမကာမယိံ။
သောယံသံကုဋိတောသေတိ၊ဆိန္နတန္တိယထာဝိဏာ။

ဟူသောနှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သောဂါထာကိုဆို၏။

အယျ၊အရှင်။ အဟံ၊အကျွန်ုပ်သည်။ကော၊တခုသော။ ဥသဘံ၊နွားမင်းဥသဘကို။ ဒိသွာ၊ မြင်၍။ ဂုန္နံ၊နွားတို့၏။ ဇေဋ္ဌကဿ၊အကြီးဖြစ်သောနွားမင်း၏။ပိဋ္ဌိယံ၊ကျောက်ကုန်း၌။ ကကုဓံ၊လဘို့သည်။ ဟောတိ၊ရှိသည်ဖြစ်၏။ ဧဝမေဿပိ၊ ဤယောက်ျားအားလည်း။ တံ၊ထိုလဘို့သည်။ အတ္ထိ၊ ရှိ၏။ ဧဝမိန္နာ၊ ဤယောက်ျားသည်။ ပုရိသ ဥသဘောန၊ ယောက်ျားဥသဘသည်။ဘဝိတဗ္ဗံ၊ဖြစ်ရာ၏။ဧတိစေဝံ၊ဤသို့။ အဟံ၊အကျွန်ုပ်သည်။ခုဇ္ဇံ ကုန်းကို။ ပုရိသူသဘမညမာနာ၊ ယောက်ျားဥသဘဟုထင်မှတ်မိ၍။ အကာမယိံ၊တပ်စွန်းမိ၏။သောအယံ၊ ထိုကုန်း

မင်းသားလာသည်ကိုမြင်၍ ကောင်းကင်သို့ပျံတက်၍။ ပတ္တမြားညီအဆင်းနှင့်တူသောအဆင်းရှိသော ကောင်းကင်ပြင်၌ရပ်လျက်။ အရှင်သား၊အရှင်သားကိုမြို့၍ငါသည်ဤဗျာန်ချမ်းသာကိုရပေ၏ဟုဆို၍။

တွမေဝဏ္ဏဒါနိမကရိ၊ယံကာမေဗျဂမာတယိ။
သောယံအပ္ပဋိသန္ဓိကော၊ခရာဆိန္နံ့ဝရေဏုကံ။ ။

ဟူသောဤဂါထာကိုဆို၏။

အယျပုတ္တ၊အရှင်သား။ ဏ္ဏဒါနိ၊ယခုအခါ၌။ တွမေဝ၊သင်သည်ပင်လျှင်။မမ၊ငါ၏။ဏ္ဏဒံ၊ဤဗျာန်ချမ်းသာကို။ အကရိ၊ပြုပေ၏။ ဏ္ဏဒါနိ၊ယခုအခါ၌။တယိ၊သင်၌။ မမ၊ငါ၏၊ အယံကာမော၊ဤတပ်စွန်းခြင်းကာမသည်။ဗျဂမာ၊ကင်းလေပြီ။ခရာ၊လွှဖြင့်။ဆိန္နံ၊ဖြတ်အပ်သော။ရေဏုကံ၊ဝါးဆင်စွယ်ကဲ့သို့။ သောအယံ၊ ထိုသင်၌တပ်စွန်းခြင်းကာမသည်၊ အပ္ပဋိသန္ဓိကော၊တဖန်စပ်ခြင်းသဘောမရှိပြီ။

ဤသို့ဆို၍ထိုဗြဟ္မဒတ်မင်းသား၏မြင်စဉ်ပင်လျှင်ပျံ၍တပါးသောအရပ်သို့သွား၏။ ထိုဗြဟ္မဒတ်မင်းသားသည် ထိုအသိတ္တာဘုမင်းသမီး၏သွားသောကာလ၌ငိုကြွေးလျက်၊

အတြိစ္ဆာအတိလောဘေန၊အတိလောဘမဒ္ဒေနစ။
ဇေဝံဟာယတိအတ္ထမှာ၊အဟံဝအသိတ္တာဘုယာ။ ။

ဟူသောနှစ်ချက်၏ပြည့်ကြောင်းဖြစ်သောဤဂါထာကိုဆို၏၊

အဟံ ငါသည်။အသိတ္တာဘုယာ၊အသိတ္တာဘုမင်းသမီးမှ။ဟာယတိ၊ဆုတ်သကဲ့သို့။ ဇေဝံတထာ၊ထို့အတူ။ အတြိစ္ဆာ၊အတြိစ္ဆဝသေန၊ ထိုထိုအာရုံ၌အလိုရှိတပ်သောအဆုံးမရှိသောတဏှာ၏ အစွမ်းအားဖြင့်။ အတြိစ္ဆမာနော ထိုထိုအာရုံ၌လိုချင်မက်မောတပ်သောပုဂ္ဂိုလ်သည်၊ အတိလောဘေနစ၊ အလွန်လောဘကြီးခြင်းကြောင့်၎င်း၊ အတိလောဘမဒ္ဒေနစ၊ ပုရိသမာနကိုလည်းဖြစ်စေတတ်သော အလွန်သောလောဘဖြင့် ယစ်ခြင်းကြောင့်၎င်း၊ အတ္ထမှာ၊ အကျိုးစီးပွါးမှ။ ဟာယတိ၊ယုတ်၏။

ထိုဗြဟ္မဒတ်မင်းသားသည်ဤဂါထာဖြင့်ငိုကြွေး၍ တယောက်အထီးတည်းသာလျှင် တော၌နေ၍၊ အဘလွန်သဖြင့်သွား၍ မင်းအဖြစ်ကိုယူ၏။

သုခါဃရာဝတ္တနခ၊သဟိရညာသဘောဇနာ။
ယတ္ထဘုတ္တွာစပိတ္တွာစ၊သယေယျာသိအနုဿုကော။ ။

ဟူသောရှေးဦးစွာသောဤဂါထာကိုဆို၏။

ဝတ္တနခ၊ အရှင်ဝတ္တနခ။ ယတ္ထ၊ အကြင်ရတနာခုနစ်ပါးစားဘွယ် ဘောဇဉ် တို့နှင့် ပြည့်စုံသော အိမ်၌။ အနုဿုကော၊ လုံ့လ မပြုဘဲ။ ဘုတ္တွာစ၊စား၍သော်၎င်း။ပိတ္တွာစ၊ သောက်၍သော်၎င်း။ သယေယျာသိ၊နေလာလှည့်လော့။ သဟိရညာ၊ရွှေအစရှိသောရတနာခုနစ်ပါးနှင့် ပြည့်စုံထသော။သဘောဇနာ၊စားဘွယ်ဘောဇဉ်နှင့်ပြည့်စုံထသော။ ဃရာ၊အိမ်၌နေခြင်းသည်သာ၊သုခါ၊ချမ်းသာ၏။

ထိုအခါ၊ ဘုရားလောင်းသည် ထိုဗာရာဏသီသူဌေး၏စကားကို ကြား၍။ သူဌေးကြီး၊သင်သည်မသိသည့်၏အဖြစ်ကြောင့်ကာမဂုဏ်၌ မက်မောသည်ဖြစ်၍အိမ်၌နေရခြင်း၏ကျေးဇူးကိုဆို၏။ သင်အား အိမ်၌နေခြင်း၏ကျေးဇူးမဲ့ကိုငါဆိုအံ့။ ယခုအခါ သင်နာလော့၊ ဤသို့ ဆို၍။

ဃရာနာနီဟမာနဿ၊ဃရာနဘဏတောမုသာ။
ဃရာနာဒိန္နဒဏ္ဍဿ၊ပရေသံအနိကုဗ္ဗတော။
ဧဝံဆိဒ္ဒံဒုရဘိသမ္ဘဝံ၊ကောဃရံပဋိပဇ္ဇတိ။ ။

ဟူသောနှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သောဤဂါထာကိုဆို၏။

မဟာသေဋ္ဌိ၊သူဌေးကြီး။ အနီဟမာနဿ၊အစဉ်မပြတ်လယ်ယာ ထွန်ခြင်းနွားကျောင်းခြင်းအစရှိသောအမှုဖြင့် လုံ့လမပြုသောသူ၏။ ဃရာ အိမ်မည်သည်ကား။ နတိဋ္ဌတိ၊မတည်နိုင်။ မုသာဘဏတော၊ လယ်ယာဥစ္စာရွှေငွေအစရှိသည်တို့၏အကျိုး၌ မုသားမဆိုသောသူ ၏လည်း။ ဃရာ၊ အိမ်မည်သည်ကား။ နတိဋ္ဌတိ၊ မတည်နိုင်။ အဒိန္န ဒဏ္ဍဿ၊ဒဏ်ပေးခြင်းကိုမယူထသော။ ပရေသံ၊သူတပါးတို့အား။ အနိကုဗ္ဗတော၊နှိပ်စက်ခြင်းကိုမပြုသောသူ၏လည်း။ ဃရာ၊အိမ်မည် သည်ကား။နတိဋ္ဌတိ၊မတည်နိုင်။ဧဝံ၊ဤသို့။ ဆိဒ္ဒံ၊အပေါက်ရှိထသော။ ဒုရဘိသမ္ဘဝံ၊ဖြစ်နိုင်ခဲသောသဘောရှိထသော။ ဃရံ၊အိမ်ကို။ကော၊ အဘယ်သူသည်။ပဋိပဇ္ဇတိ၊အုပ်စိုး၍နေချင်ဘိအံ့နည်း။

ဤသို့ဘုရားလောင်းသည်အိမ်၌နေခြင်း၏အပြစ်ကိုဆို၍ ဥယျာဉ် သို့သွား၏။

ဘော၊အချင်းတို့။ကုမုဒသန္နိဘော၊ကြာဖြူအဆင်းနှင့်တူထသော။ ပက္ခိ၊အတောင်ရှိသော။အယံဒိဇော၊ဤငှက်သည်။ဂူပသန္တေဟိ၊ငြိမ်းချမ်းကုန်သော။ ပက္ခေဟိ၊အတောင်တို့ဖြင့်။ ဘဒ္ဒကောဝတ၊ကောင်းလေစွ။ မန္ဒမန္ဒော၀၊ ညှံ့ညှံ့ပျောင်းပျောင်းကဲ့သို့။ ဈာယတိ၊ မှိုင်လျက်နေ၏။

ထိုအခါ၊ထိုဖျိုင်းကိုဘုရားလောင်းသည်ကြည့်၍။

နာဿသီလံဝိဇာနာထ၊အနညာယပသံသထ။

အမ္ဟေဒိဇောနပါလေတိ၊တေနပက္ခိနဖန္ဒတိ။ ။

ဟူသောနှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သောဤဂါထာကိုဆို၏။

ဘောန္တော၊အချင်းတို့။တုမှေ၊သင်တို့သည်။ အဿ၊ထိုဖျိုင်း၏။သီလံ၊သီလကို။နဝိဇာနာထ၊မသိကြကုန်။ အနညာယ၊မသိကုန်ဘဲလျက်။ ပသံသထ၊ချီးမွမ်းကြကုန်၏။ အမှေ၊ငါတို့ကို။ ဒိဇော၊ဖျိုင်းငှက်သည်။ နပါလေတိ၊ မစောင့်။ တေန၊ ထိုမစောင့်သောကြောင့်။ ပက္ခိ၊ ဖျိုင်းသည်။နဖန္ဒတိ၊မတုန်မလှုပ်နေ၏။

ဤသို့ဆိုသည်ရှိသော်ငါးအပေါင်းသည် ရေကိုချောက်ချားစေ၍ပြေး၏။

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကိုဆောင်တော်မူ၍။ ယခုအခါ၊ အံ့ဘွယ်သရဲကိုဖြစ်စေတတ်သောရဟန်းသည်။ ထိုအခါ၊ ဖျိုင်းဖြစ်ပြီ။ ယခုအခါ၊ငါဘုရားသည်လျှင်။ ထိုအခါ၊ ငါးမင်းဖြစ်ပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။ ။ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဗကဇာတ်သည်ပြီး၏။

---

၇။ သာကေတဇာတ်။

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည်။ ကောနုခေါဘဂဝါဟောတု၊ အစရှိသောဂါထာ ပုဒ်ဖြင့် တန်းဆာ ဆင်အပ်သော ဤသာကေတ ဇာတ်ကို ဇေတဝန် ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်။သာကေတအမည်ရှိသော ပုဏ္ဏားကိုအကြောင်းပြု၍ဟောတော်မူ၏။ ဤသာကေတဇာတ်၌ အတိတ်ပစ္စုပ္ပန်ဖြစ်သောဝတ္ထုကား၊ အောက်ဧကနိပါတ်၌ဆိုအပ်ပြီးသလျှင်ကတည်း။ မြတ်စွာဘုရားသည် ကျောင်းဦးသို့ ကြွတော်မူသော

ကာလ၌။ ရဟန်းတို့သည်အရှင်ဘုရား၊ ဤချစ်ခြင်းမည်သည်ကားအဘယ်အကြောင်းကြောင့်တည်သနည်းဟုမေးလိုကုန်သည်ဖြစ်၍။

ကောနုခေါ ဘဂဝါ ဟေတု ကေဝ္ဓေဇ္ဈစပုဂ္ဂလေ။
အတီဝ ဟာဒယံ နိဗ္ဗာတိ၊ စိတ္တဉ္စာပိ ပသီဒတိ။ ။

ဟူသော ရှေးဦးစွာသော ဤဂါထာကိုဆိုကုန်၏။

ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဣဓလောကေ၊ ဤလောက၌။ ကေဝ္ဓေ၊ အချို့သော။ ပုဂ္ဂလေ၊ ပုဂ္ဂိုလ်၌။ ဒိဋ္ဌမတ္တေ ဧဝ၊ မြင်ကာမျှဖြင့်သာလျှင်။ ဟာဒယံ၊ နှလုံးသည်။ အတီဝ၊ အလွန်လျှင်။ နိဗ္ဗာတိ၊ ငြိမ်းချမ်း၏။ စိတ္တဉ္စာပိ၊ စိတ်သည်လည်း။ ပသီဒတိ၊ ကြည်ညို၏။ ဟေတု၊ အကြောင်းကား။ ကောနုခေါ၊ အသို့နည်း။

ထိုအခါ၊ ထိုရဟန်းတို့အား မြတ်စွာဘုရားသည်၊ ချစ်ခြင်း၏ အကြောင်းကိုပြတော်မူလို၍။

ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ။
ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။ ။

ဟူသော နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဤဂါထာကိုမိန့်တော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဥပ္ပလံ ဝါ၊ ကြာသည်၎င်း။ သေသံ၊ ကြာမှကြွင်းသော။ ဇလဇပုပ္ဖံ ဝါ၊ ရေ၌ဖြစ်သောပန်းသည်၎င်း။ ဥဒကေ၊ ရေ၌။ ဇာယမာနံ၊ ဖြစ်လတ်သည်ရှိသော်။ ဥဒကဉ္စ၊ ရေကို၎င်း။ ပလ္လလဉ္စ၊ ညွန်ကို၎င်း။ ဣမာနိ ဒွေ ကာရဏာနိ၊ ဤနှစ်ခုသော အကြောင်းတို့ကို။ နိဿာယ၊ မှီ၍။ ဇာယတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ တံ ပေမံ ထိုချစ်ခြင်းသည်၊ ဇာယမာနံ၊ ဖြစ်လတ်သည်ရှိသော်၊ ပုဗ္ဗေဝ၊ ရှေးဘဝ၌လျှင်။ သန္နိဝါသေန ဝါ အတူတကွနေဘူးခြင်းကြောင့်၎င်း။ ပစ္စုပ္ပန္နဟိတေန ဝါ ပစ္စုပ္ပန်ဘဝ၌အစီးအပွါးကိုဆောင်ခြင်းကြောင့်၎င်း။ ဣမေဟိ ဒွိဟိ ကာရဏေဟိ၊ ဤနှစ်ပါးသော အကြောင်းတို့ကြောင့်။ ဇာယ တေ၊ ဖြစ်၏။

သဗ္ဗညုမြတ်စွာဘုရားသည်ဤဓမ္မဒေသနာကိုဟောတော်မူ၍။ ရဟန်းတို့ ဤနှစ်ယောက်ကုန်သောသူတို့သည် ယခုအခါ၊ ပုထုဇ္ဇနသည် ၎င်း။ ပုထုဇ္ဇနမသည်၎င်းဖြစ်ကုန်ပြီ။ ယခုအခါ၊ မဘောက်မပြန်ကိုယ်တော်တိုင်သာလျှင် ခပ်သိမ်းသော တရားကို သိပြီးသော ငါဘုရား

ဘခင်၊ ငါ့အားတရသော ပုဒ်ရှိသောများသောအကျိုးကို မှိသောအကြောင်းကိုဆိုပါကုန်လော့ဟုမေးလိုသည်ဖြစ်၍။

ဣဓယ်ကေံပဒံတာတ၊အနေကတ္ထပဒနိဿိတံ။
ကိဉ္စိသင်္ဂါဟိတံဗြူဟိ၊ယေနတ္ထေသာဓယာမသေ။ ။

ဟူသောသောရှေးဦးစွာသော ဤဂါထာကိုဆို၏။

တာတ၊ဘခင်။ဣဓယ်၊တိုက်တွန်း၏။ ယေန၊အကြင်များစွာသောအကျိုးကိုမှိသောတရသောပုဒ်ဖြင့်။အတ္ထေ၊အကျိုးတို့ကို။မယံ၊အကျွန်ုပ်တို့သည်။သာဓယာမသေ၊ပြီးစေကုန်အံ့။ အနေကတ္ထပဒနိဿိတံ၊များစွာသော အကျိုးအကြောင်းကို ပြတတ်သောပုဒ်ကိုမှီထသော။ ကိဉ္စိသင်္ဂါဟိတံ၊ အလုံးစုံအနည်းအများ ဖြစ်သောအကျိုးကို သင်္ဂြိုဟ်ထသော။ဧကံပဒံ၊တရသောပုဒ်ကို၊ဗြူဟိ ဟောတော်မူပါလော့။

ထိုအခါ၊ထိုသူငယ်၏အဘသည်ဖြေလိုသည်ဖြစ်၍။

ဒက္ခေယျေကပဒံတာတ၊အနေကတ္ထပဒနိဿိတံ။
တဉ္စသီလေနသံယုတ္တံ၊ခန္တိယာဥပပါဒိတံ။
အလံမိတ္တေသုခါပေတုံ၊အမိတ္တာနံဒုခါယစ။ ။

ဟူသောနှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သောဤဂါထာကိုဆို၏။

တာတ၊ ချစ်သား။ ဒက္ခေယျေကပဒံ လာဘကို ဖြစ်စေခြင်း၌ လိမ္မာသောသူ၏အဖြစ်ဟုဆိုအပ်သောဥာဏ်နှင့်ယှဉ်သော တရသော ပုဒ် ရှိထသော။ အနေကတ္ထ ပဒနိဿိတံ၊ များစွာသော အကျိုး အကြောင်းကိုပြတတ်သော ပုဒ်ကိုမှီထသော။ တံ၊ ထိုဝီရိယသည်။ သီလေန၊သီလနှင့်။ သံယုတ္တံ၊ယှဉ်လတ်သော်။ခန္တိယာ၊သည်းခံခြင်းနှင့်။ ဥပပါဒိတံ၊ပြည့်စုံလတ်သည်ရှိသော်။ မိတ္တေ၊အဆွေခင်ပွန်းတို့ကို။သုခါပေတုံစ၊ချမ်းသာစိမ့်သောငှါလည်း။အမိတ္တာနံ၊ရန်သူတို့ကို ဒုက္ခာယ စ၊ဆင်းရဲစိမ့်သောငှါလည်း။အလံ၊စွမ်းနိုင်၏။

ဤသို့ဘုရားလောင်းသည်သားအားပြဿနာကိုဖြေ၏၊ ထိုသူငယ်သည်လည်း အဘဖြေအပ်သော နည်းဖြင့်သာလျှင် မိမိအကျိုးစီးပွါးကိုပြီးစေ၍ကံအားလျော်စွာလား၏။

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကိုဆောင်တော်မူ၍ သစ္စာကိုပြတော်မူ၍ဇာတ်ကိုပေါင်းတော်မူ၏၊ သစ္စာကိုပြသည်၏အဆုံး၌အဘသည်၎င်း၊သားသည်၎င်း၊ သောတာပတ္တိဖိုလ်၌တည်၏။အ

မရှိသောသူမည်သည်ကားမရှိ။ ထို့ကြောင့်။ ငါသည်နှစ်သက်၏ဟု ဆို၍။

ဝိလုပ္ပတေဝပုရိသော၊ယာဝဿုပကပ္ပတိ။
ယဒါစညေဝိလုပ္ပန္တိ၊သောဝိလုတ္တောဝိလုပ္ပတိ။ ။

ဟူသောနှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ဤဂါထာကိုဆို၏။

သမ္ဗုအချင်းရေခွေး။ယာဝ၊အကြင်မျှလောက်သောကာလပတ်လုံး။ ဝိလုတ္တော၊လုယက်သော။ အဿ၊ထိုယောကျ်ားအား။ ဥာဿရိယံ၊အ စိုးရသောအဖြစ်သည်။ဥပကပ္ပတိဇာနုဏ္ဏတိ၊ပြည့်စုံ၏။တာဝ၊ထိုမျှလော် သောကာလပတ်လုံး။ သောပုရိသော၊ထိုယောကျ်ားသည်။ အညံ၊တ ပါးသောသူကို။ဝိလုပ္ပတေဝ၊လုယက်ဖျက်ဆီးသည်သာတည်း။ယဒါ၊ အကြင်အခါ၌။အညေ၊တပါးကုန်သောသူတို့သည်။ တဿပုရိသဿ၊ ထိုယောကျ်ားအား။ဥာဿရာ၊အစိုးရကုန်သည်။ဟုတ္ထာ၊ဖြစ်၍။ဝိလုပ္ပန္တိ၊ လုယက်ဖျက်ဆီးကုန်၏၊အထ၊ထိုအခါ၌။သောဝိလုတ္တော၊ထိုသူတပါး တို့ကိုလုယက်ဖျက်ဆီးတတ်သောယောကျ်ားသည်။ ဝိလုပ္ပတိ၊အစိုး ရကုန်သောတပါးကုန်သောသူတို့ကြောင့်ပျက်စီးရ၏။

ဤသို့ဖျက်ဆီးတတ်သောသူသည်တဘန်ပျက်စီးခြင်းသို့ရောက်၏ ဟု ဘုရားလောင်းသည် ဆုံးဖြတ်သည်ရှိသော်။ ရေခွေး၏ အားနည်း သည်၏အဖြစ်ကိုသိ၍ ရန်သူကိုဘမ်းကုန်အံ့ဟု ငါးအပေါင်းတို့သည် မြုံးဝမှထွက်ကုန်၍ထိုအရပ်၌လျှင် ထိုရေခွေးကိုအသက်ကုန်ခြင်းသို့ ရောက်စေ၍ခဲ့ကြကုန်၏။

သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကိုဆောင်တော်မူ၍။ရ ဟန်းတို့၊ယခုအခါ၊အဇာတသတ်မင်းသည်၊ ထိုအခါ၊ ရေခွေးဖြစ်ပြီ၊ ယခုအခါ၊ ငါဘုရားသည်လျှင်။ ထိုအခါ၊ဘားညိုဖြစ်ပြီဟုဇာတ်တော် ကိုပေါင်းတော်မူ၏။ ။ကိုးခုတို့၏ပြည့်ကြောင်းဖြစ်သော ဟာရိတ မဏ္ဍုကဇာတ်သည်ပြီး၏။

---

## ၁၀။ မဟာပိင်္ဂလဇာတ်။

နတ်နှင့်တကွသော လောကကိုဆုံးမတော်မူတတ်သော သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည်၊ သဗ္ဗောဇနော၊ အစရှိသောဂါထာပုဒ်ဖြင့် တန်း ဆာဆင်အပ်သောဤမဟာပိင်္ဂလဇာတ်ကို ဇေတဝန်ကျောင်းတော်၌၊

တိံဘူမိံ၊ ကြီးမြတ်သောစည်းစိမ်ကို။ လဒ္ဓေါ၊ ရသည်။ အသိ၊ဖြစ်၏။ သောသိင်္ဂါလော၊ထိုမြေခွေးသည်။ မာနထဒ္ဓေါစ၊ အခြံအရံကိုမှီ၍ဖြစ်သောမာနဖြင့်ခိုင်မာသည်ဖြစ်၍။ ပရိဝါရေန၊ရပြီးသောအခြံအရံထက်အလွန်ဖြစ်သောအခြံအရံဖြင့်။အတ္ထိကော၊အလိုရှိသည်ဖြစ်၍။ ဝိနာသံ၊ပျက်စီးခြင်းသို့။ပါပုဏိ၊ရောက်၏။ ။ဘိက္ခဝေ ရဟန်းတို့။သိင်္ဂါလော၊ မြေခွေးသည်။ ဒါဌီနံ၊ အစွယ်ရှိသော သတ္တဝါတို့ထက်။ မဟာ၊မြတ်သည်။ဟောတိဝိယ၊ဖြစ်သကဲ့သို့။ဧဝမေဝ၊ဤအတူသာလျှင်။မနုဿေသု၊လူတို့တွင်။ယော၊အကြင်သူသည်။ပရိဝါရိတော၊အခြံအရံနှင့်ပြည့်စုံသည်။ဟောတိ၊ဖြစ်၏။သောဟိ၊ထိုသူသည်လျှင်။တတ္ထ၊ထိုလူအပေါင်း၌။မဟာ၊မြတ်သည်။ဟောတိ၊ဖြစ်၏။အထပဇ္ဇာ၊ထို့နောင်မှ။သော၊ထိုသူသည်။သိင်္ဂါလောဝိယ၊မြေခွေးကဲ့သို့။ ပမာဒံ၊မေ့လျော့ခြင်းသို့။ အာပဇ္ဇိတွာ၊ရောက်၍။တံပရိဝါရံ၊ထိုအခြံအရံကို။နိဿာယ၊အမှီပြု၍။ဝိနာသံ၊ပျက်စီးခြင်းသို့။ပါပုဏာတိ၊ရောက်၏။

အဘယ်သို့ဇာတ်ကိုပေါင်းတော်မူသနည်းဟူမူကား။ယခုအခါ၊ဒေဝဒတ်သည်။ထိုအခါ၊မြေခွေးဖြစ်ပြီ။ ယခုအခါ၊သာရိပုတ္တရာသည်။ ထိုအခါ၊မင်းဖြစ်ပြီ၊ယခုအခါ ငါဘုရားသည်လျှင်။ ထိုအခါ၊ ပုရောဟိတ်ပုဏ္ဏားဖြစ်ပြီဟု ဤသို့ဇာတ်တော်ကိုပေါင်းတော်မူ၏။ ။ရှေးဦးစွာသောသဗ္ဗဒါဌိဇာတ်သည်ပြီး၏။

---

## ၂။ သုနခဇာတ်။

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်။ ဗာလောဝတာယံသုနခေါ အစရှိသောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သောဤသုနခဇာတ်ကို ဇေတဝန်ကျောင်းတော်၌၊သီတင်းသုံးနေတော်မူစဉ်။ နေရာစရပ်ဝယ်ခွေးစားခွက်၌ထမင်းကိုစားသောခွေးကိုအကြောင်းပြု၍ ဟောတော်မူ၏။ ထိုခွေးကိုမွေးဦးစကာလမှစ၍ရေခပ်ကုန်သောသူတို့သည် ယူကုန်၍ထိုစရပ်၌ မွေးကုန်သတတ်။ နောက်အဘို့၌ ထိုစရပ်၌ ထမင်းကိုစားလျက် ဆူဖြိုးသောကိုယ်ရှိသည်ဖြစ်၏။ ထိုအခါ၊ တနေ့သ၌ရွာ၌ နေသောယောက်ျားတို့

သည့်ထိုစရပ်သို့ရောက်လေသော်ခွေးကိုမြင်၍ရေခပ်ကုန်သောသူတို့အားအပေါ်ရုံပုဆိုးကိုရင်း၊ အသပြာကိုရင်းပေး၍ တောင့်ဖြင့်ဘွဲ၍ ထိုခွေးကိုယူ၍သွား၏။ ထိုခွေးသည့်ယူဆောင်သည့်ရှိသော်မမြည်။ ပေးတိုင်းပေးတိုင်းသောအစာကိုစားလျက်နောက်မှလိုက်၏။ ထိုအခါ၊ထိုယောကျ်ားသည်ဤခွေးသည်ယခုအခါ ငါ့ကိုအကျွမ်းဝင်၏ဟုတောင့်ကိုဖြေ၏။ ထိုခွေးသည့်လွှတ်တည့်ကာမျှဖြင့် တဟုန်တည်းနေရာစရပ်သို့လျှင်ပြေးလာ၏။ရဟန်းတို့သည်ထိုခွေးကိုမြင်ကုန်၍ထိုခွေးသည့်ပြုအပ်သောအကြောင်းကိုသိကုန်၍။ ညချမ်းသောအခါ တရားသဘင်၌။ ငါ့ရှင်တို့၊ နေရာစရပ်၌ခွေးသည်အနှောင်အဘွဲ့မှလွတ်ခြင်း၌လိမ္မာသည်ဖြစ်၍လွှတ်တည့်ခြင်းလျှင်တဘန်လာပြန်၏ဟု စကားကိုဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍။ ရဟန်းတို့၊ ယခုအခါ အဘယ်မည်သောစကားဖြင့် စည်းဝေးကြ ကုန်သနည်းဟု မေးတော်မူလတ်၍။ ဤမည်သောစကားဖြင့်စည်းဝေးပါကုန်၏ဟုနားတော်လျှော်သည့်ရှိသော်။ ရဟန်းတို့၊ထိုခွေးသည်ယခုအခါ၌သာလျှင်အနှောင်အဘွဲ့မှလွတ်ခြင်း၌ လိမ္မာသည်မဟုတ်သေး။ ရှေး၌လည်းလိမ္မာသလျှင်ကတည်းဟုမိန့်တော်မူ၍။အတိတ်ကိုဆောင်တော်မူ၏။

ရဟန်းတို့၊လွန်လေပြီးသောအခါ။ဗာရာဏသီပြည်၌၊ဗြဟ္မဒတ်မင်းသည်မင်းပြုသည်ရှိသော်။ ဘုရားလောင်းသည်ကာသိကတိုင်း၌ တဦးသောများသောစည်းစိမ်ရှိသောအမျိုး၌ဖြစ်၍ အရွယ်သို့ရောက်သည်ရှိသော် အိမ်ရာထောင်ခြင်းကိုယူ၏။ ထိုအခါ၊ ဗာရာဏသီပြည်၌၊တယောက်သောလူအားခွေးသည်ရှိ၏။ထိုခွေးသည်ထမင်းဆုပ်ကိုရခြင်းကြောင့် သူဖြိုးသောကိုယ်ရှိ၏။ ထိုအခါ၊ တယောက်သော ရွာသားသည်ဗာရာဏသီပြည်သို့သာသည်ရှိသော်ထိုခွေးကိုမြင်၍၊ထိုခွေးရှင်ယောကျ်ားအားအပေါ်ရုံပုဆိုးကိုရင်း၊အသပြာကိုရင်းပေး၍ခွေးကိုယူ၍သားရေလွန်ဖြင့်ချည်၍ လွန်စွန်း၌ကိုင်၍သွားသည်ရှိသော်။တောဝ၌တခုသောစရပ်သို့ဝင်၍ခွေးကိုချည်၍ပျဉ်၌လျောင်း၍အိပ်ပျော်ခြင်းသို့ရောက်၏။ ထိုအခါ၊ဘုရားအလောင်းသည်တစုံတခုသောပြုဘွယ်ကိစ္စကြောင့်တောဝသို့ရောက်သည်ရှိသော် လွန်ဖြင့်ချည်၍ထားအပ်သောခွေးကိုမြင်၍။

ဖြစ်သောစောင်းညှို့ကိုရင်း၊ ခုနစ်ချမြောက်ဖြစ်သောစောင်းညှို့ကိုရင်း ဖြတ်၏။ သက်သက်သော စောင်းရိုးကို တီးသော ဘုရားလောင်း ၏ စောင်းသံသည်ဗာရာဏသီမြို့ကိုလွှမ်း၍တည်၏။ ပုဆိုးပစ်လွှားခြင်း အထောင်တို့ကိုရင်း။ ကြွေးကြော်ခြင်းအထောင်တို့ကိုရင်းဖြစ်စေကုန် ၏။ ဘုရားလောင်းသည် စောင်းလက်တချက် ကောင်းကင်သို့ပစ်၏။ နတ်သ္မီးသုံးရာတို့သည် သက်လာကုန်၍ကကုန်၏။ ဤအတူနှစ်ချမြော် ဖြစ်သောစောင်းလက်ကိုရင်း၊ သုံးချမြောက်ဖြစ်သောစောင်းလက်ကို ရင်း၊ ကောင်းကင်သို့ပစ်သည်ရှိသော်။ သုံးရာသုံးရာကုန်သောနတ်သ္မီး တို့သည် သက်လာကုန်၍ကကုန်၏။ ထိုခဏ၌၊ မင်းသည်လူအပေါင်း အားမျက်စိကိုမှိတ်ခြင်း လည်ကိုညိတ်ခြင်း အမှတ်ကိုပေး၏။ လူအ ပေါင်းသည်ထ၍ သင်သည်ဆရာနှင့်တကွ ဆန့်ကျင်ဘက်ပြု၍ တူမျှ သောလာဘသက္ကာရရှိသည်ကိုပြုအံ့ဟူ၍လုံ့လပြု၏။ ပမာဏကိုမသိ ဟုရသိလကိုမြိမ်းချောက်၍ ကိုင်မိတိုင်းကိုင်မိတိုင်းသောလျှင်ဖြစ်ကုန် သော ကျောက်ခဲလှံတံအစရှိသည်တို့ဖြင့် မုန့်မုန့်ညက်ညက် ကြေစေ ၍ အသက်ကုန်ခြင်းသို့ ရောက်စေ၍ခြေတို့ကိုကိုင်၍ တံမြက်ချေးအ မှိုက်ရာရာအရပ်၌စွန့်ပစ်၏။ မင်းသည်နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ တခဲနက်သော မိုးသည်းကိုရွာစေဘိသကဲ့သို့ဘုရားလောင်းအားများစွာ သောဥစ္စာကိုပေး၏၊ ထို့အတူ။ မြို့သူတို့သည်များစွာသောဥစ္စာတို့ကို ပေးကုန်၏။ သိကြားမင်းသည်လည်း ဘုရားလောင်းနှင့်တကွ စေ့စပ် ခြင်းကိုပြု၍၊ ပညာရှိ၊ ငါသည်သင့်အား အာဇာနည်မြင်းတထောင်က သောရထားကိုယူ၍သွားချေဟုမာတလိနတ်သားကိုစေလိုက်အံ့။ အာ ဇာနည်မြင်းတထောင်ကသော ဝေဇယန္တာရထားမြတ်ကိုစီး၍ နတ် ပြည်သို့ထိုက်လာခဲ့လော့ဟုဆို၍ဖဲ၏။ ထိုအခါ၌သွား၍ပဏ္ဍုကမ္ဗလာ ကျောက်နေရာ၌နေသောထိုသိကြားမင်းကိုမြတ်သောမင်းကြီး၊ အရှင် တို့သည်အဘယ်သို့ကြွကုန်သနည်းဟု နတ်သ္မီးတို့သည်မေးကုန်၏။ သိ ကြားမင်းသည်ထိုနတ်သ္မီးတို့အား ထိုအကြောင်းကိုအကျယ်အားဖြင့် ဆို၍ဘုရားလောင်း၏သီလကိုရင်း။ ကျေးဇူးကိုရင်းချီးမွမ်း၏။ နတ်သ္မီး တို့သည် မြတ်သောမင်းကြီး၊ အကျွန်ုပ်တို့သည်လည်း ဆရာကိုဖူးလို ကုန်၏။ ထိုဆရာကိုဤနတ်ပြည်သို့ပင့်ဆောင်တော်မူပါကုန်လော့ဟု လျှောက်ကုန်၏။ သိကြားမင်းသည် မာတလိနတ်သားကို ခေါ်၍။ အ

မောင်မာတလိ၊နတ်သွီးတို့သည်ဂုတ္တိလစောင်း သမားကိုဖူးလိုကုန်၏။ သွားချေ၊ ထိုဂုတ္တိလစောင်းသမားကိုဝေဇယန္တာရထားဌ် စီးစေ၍ပင့် ဆောင်ချေလော့ဟုဆို၍ မာတလိနတ်သားသည် ကောင်းပြီဟုသွား၍ ဘုရားလောင်းကိုပင့်ဆောင်၏။သိကြားမင်းသည်ဘုရားလောင်းနှင့်တ ကွဝမ်းမြောက်ဝမ်းသာပြောဟော၍၊ဆရာ၊ဆရာ၏စောင်းသံကိုနတ် သွီးတို့သည်နားထောင်လိုကုန်သတည်းဟုဆို၏။ မြတ်သောမင်းကြီး၊ အကျွန်ုပ်တို့ စောင်းသမားတို့မည်သည်ကားအတတ်ကို မှီကုန်၍ အ သက်မွေးရကုန်၏။ အဘိုးကိုရကုန်သည်ရှိသော် တီးရကုန်ချေအံ့ဟု ဆို၏၊ ဆရာ၊တီးလော့။ သင့်အားအဘိုးကိုပေးအံ့ဟုဆိုသည်ရှိသော်။ ငါ့အားတပါးသောအဘိုးဖြင့်အလိုမရှိ။ ဤနတ်သွီးတို့သည်ကားမိမိ၏ ကောင်းမှုကံကို ဆိုစေကုန်သတည်း။ ဤသို့ဆိုသည်ရှိသော် ငါသည် တီးအံ့ဟုဆို၏။ ထိုအခါ၊ဂုတ္တိလစောင်းသမားကိုနတ်သွီးတို့သည်။ ဆ ရာ၊ ငါတို့သည်ပြုအပ်သောကောင်းမှုကံကိုနောက်မှသင်အားဆိုကုန် အံ့။ စောင်းကို တီးလော့ဟုဆိုကုန်၏။ ဘုရားလောင်းသည် ခုနစ်ရက် ပတ်လုံးနတ်သွီးတို့၏ အကျိုးငှါစောင်းကိုတီး၏။ ထိုစောင်းသည်နတ် စောင်းကိုလွှမ်းမိုး၍ဖြစ်၏။ ခုနစ်ရက်မြောက်သောနေ့၌အစမှစ၍နတ် သွီးတို့၏ကောင်းမှုကံကိုမေး၏။ တယောက်သောနတ်သွီးသဉ်ကဿ ပဘုရားပွင့်တော်မူသောကာလ၌တပါးသောရဟန်းအား မြတ်သော အဝတ်ကိုလှူသောကြောင့် သိကြားမင်း၏အလုပ်အကျွေးဖြစ်၏။ ဂုတ္တိ လစောင်းသမားသည်ထိုနတ်သွီးကို။ နတ်သွီး၊သင်သည်ရှေးဘဝ၌အ ဘယ်ကောင်းမှုကိုပြုသောကြောင့် နတ်သွီးတထောင် အခြွေအရံကို ဆောင်သောမြတ်သောအဝတ်ရှိသော နတ်သွီးဖြစ်သနည်းဟုမေး၏။ ထိုဂုတ္တိလစောင်းသမား၏ မေးသောအခြင်းအရာသည်၎င်း။ နတ်သွီး တို့၏ဖြေသော အခြင်းအရာသည်၎င်း။ ဝိမာနဝတ္ထု၌ လာသည်သာလျှင်က တည်း။ထိုစကားသည်မှန်၏။ ။ထိုဝိမာနဝတ္ထု၌။

အဘိက္ကန္တေန ဝဏ္ဏေန၊ယာ တွံ ဒေဝတေ တိဋ္ဌသိ။
ဩဘာသန္တီ ဒိသာ သဗ္ဗာ၊ဩသဓိ ဝိယ တာရကာ။ ။
ကေန တေ တာဒိသော ဝဏ္ဏော၊ကေန တေ ဣဓ မိဇ္ဈတိ။
ဥပ္ပဇ္ဇန္တိ စ တေ ဘောဂါ၊ယေ ကေစိ မနသော ပိယာ။ ။

